ထုတ်လုပ်ခြင်းများ ဆောင်ရွက်မည်ဆိုပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၏ သဘောထားမှတ်ချက်ထပ်မံတောင်းခံ၍ ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ချက်ဆောင်ရွက်သွားရန်၊

(၄) လူမှုရေးဆိုင်ရာ တာဝန်ခံမှု (CSR)အတွက် အသားတင်အမြတ်ငွေ၏ ၂% ထည့်ဝင်ရေး ဆောင်ရွက်သွားရန်၊

(၅) မွန်ပြည်နယ်အစိုးရအဖွဲ့နှင့်ဒေသခံပြည်သူများထံမှ ဆန္ဒသဘောထားရယူသွားရန်၊

(ဃ) မွန်ပြည်နယ်သစ်တောဦးစီးဌာနက အဆိုပါကုမ္ပဏီအနေဖြင့် သစ်အခြေခံအသုံးပြု သည့်စက်ရုံတည်ထောင်ရန်အတွက် လျှောက်ထားမှုမရှိသေးပါကြောင်း ပြန်ကြားထားပါသည်။ **(နောက်ဆက်တွဲ-ဃ)**

(အတည်ပြုမိန့်ရရှိပါက သစ်တောဦးစီးဌာန၏ သစ်စက် (Saw Mill) လိုင်စင် ရယူသွားမည်ဖြစ်ကြောင်း Diamond Parawood Co., Ltd. က ကတိဝန်ခံချက် ဖော်ပြထားပါသည်။)

(င) **မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး** က အဆိုပါလုပ်ငန်းနှင့်ပတ်သက်ပြီး ၅-၁၀-၂၀၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော မွန်ပြည်နယ် အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၃၉/၂၀၁၈)၊ ဆုံးဖြတ်ချက်အပိုဒ် (၄၆)အရ ကန့်ကွက်ရန်မရှိကြောင်း ပြန်ကြားထားပါသည်။ **(နောက်ဆက်တွဲ-င)**

စိစစ်တင်ပြချက်

၁၄။ အဆိုပါလုပ်ငန်းနှင့်ပတ်သက်ပြီး အောက်ပါအတိုင်းစိစစ်တင်ပြအပ်ပါသည် -

(က) Diamond Parawood Co., Ltd. ၏ ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရာဘာသစ်ခွဲသားထုတ်လုပ်ပြီး ရာနှုန်းပြည့်ပြည်ပသို့တင်ပို့မည့်လုပ်ငန်းလုပ်ငန်းသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တားမြစ် /ကန့်သတ်ထားသည့်လုပ်ငန်းများ တွင် မပါဝင်ခြင်း၊ အစိုးရပိုင်မြေ/အဆောက်အဦအား အသုံးပြုထားမှုမရှိခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့်ပြည်သူလူထုအား ကြီးမားသော သက်ရောက်မှုဖြစ်ပေါ်နိုင်သည့် လုပ်ငန်းမဟုတ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုပမာဏ USD ၅ သန်း အောက်တွင်ရှိခြင်းများကြောင့် မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ဆုံးဖြတ်နိုင်ပြီး အတည်ပြုမိန့်ထုတ်ပေးနိုင်သော လုပ်ငန်းဖြစ်ပါသည်။

(ခ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၃၇ အရ အတည်ပြုမိန့်ရရှိရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အတည်ပြုလျှောက်လွှာတင်ပြလာခြင်းဖြစ်ပါသည်။

(ဂ) အတည်ပြုမိန့်ရရှိပါက ကုမ္ပဏီအနေဖြင့် သက်ဆိုင်ဌာနများ၏ လမ်းညွှန်ချက်များ၊ တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိဝန်ခံမှုပြုထားပါသည်။

(ဃ) အဆိုပြုလုပ်ငန်းသည် ဦးစားပေးမြှင့်တင်မည့်ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများတွင် ပါဝင်ပြီး ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာဖန်တီးပေးနိုင်ခြင်းနှင့် လုပ်ငန်းဆိုင်ရာပညာရပ်များရရှိနိုင်ခြင်း၊ ရာနှုန်းပြည့်ပြည်ပပို့ကုန်လုပ်ငန်းဖြစ်၍ နှစ်စဉ်နိုင်ငံခြားဝင်ငွေရရှိနိုင်မည့်လုပ်ငန်းဖြစ်ပါသည်။

(င) နှစ်စဉ် အသားတင်အမြတ်ငွေ၏ ၂% ကို လူမှုရေးဆိုင်ရာတာဝန်ယူမှု (Corporate Social Responsibility-CSR)အဖြစ် သတ်မှတ်ဆောင်ရွက်မည်ဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်သွားစေနိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ဆုံးဖြတ်ရန်အချက်

၁၅။ ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Diamond Parawood Co., Ltd. မှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(O.S.S-9)၊ ကွင်းအမည် (ကြေးတိုင်ပြင်ကွင်း)၊ ဦးပိုင်အမှတ် (၁၈၂၁)၊ ဧရိယာ(၂၀.၀၁)ဧက အနက်(၉.၄၆)ဧကတွင် ရာဘာသစ်ခွဲသားထုတ်လုပ်ပြီး ရာနှုန်းပြည့်ပြည်ပသို့တင်ပို့မည့်လုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အတည်ပြုလျှောက်ထားလွှာတင်ပြလာခြင်းအား **အတည်ပြု မိန့်** ထုတ်ပေးရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ (ကိုယ်စား)
(မြင့်လွင်၊ အတွင်းရေးမှူး)

မိတ္တူကို
ရုံးလက်ခံ

နောက်ဆက်တွဲ (က)

မွန်ပြည်နယ် ... ရုံး
(ဝင်စာမှတ်ပုံ ...)
အမှတ်စဉ် ...[illegible]...
ရရှိရက်စွဲ ...[illegible]...
ရရှိအချိန် ...[illegible]...
လက်ခံသူလက်မှတ် ....

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး
မွန်ပြည်နယ်-မော်လမြိုင်မြို့။

စာအမှတ်၊ ၆၃၂၅ / ၄အ - ၂လ (မပ) / ၂၀၁၈။
ရက်စွဲ ၊၂၀၁၈ခုနှစ်၊စက်တင်ဘာလ(၂၆)ရက်။

အကြောင်းအရာ။ **သဘောထားမှတ်ချက် တောင်းခံခြင်း**

ရည်ညွှန်းချက် ။ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၂၉.၈.၂၀၁၈) ရက်စွဲပါ စာအမှတ်၊ မရက/၁/နဝ၁/၂၀၁၈ (၀၃၄)

၁။ မွန်ပြည်နယ်၊မော်လမြိုင်ခရိုင်၊သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် (O.S.S-9)၊ ကွင်းအမည်-ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ်(၁၈၂၁)၊ မြေဧရိယာ(၂၀.၀၁)ဧက အနက် (၉.၄၆)ဧကတွင် ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရာဘာသစ်ခွဲသားထုတ်လုပ်ပြီး ရာနှုန်းပြည့် ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် ရာဘာသစ်ခွဲသားစက်ရုံ တည်ဆောက်ဆောင်ရွက်ခွင့်ပြုပါရန် မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အတည်ပြုလျှောက် ထားလွှာတင်ပြချက်အား သဘောထားမှတ်ချက်အား ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းလာပါသည်။


၂။ အဆိုပါ ရာဘာသစ်သားခွဲ ထုတ်လုပ်ရေးစက်ရုံရှေ့တွင် ၁၁ကေဗွီ သဏ္ဍာ-ရဲတံခွန် ဓာတ်အားလိုင်းရှိသော်လည်း ဓာတ်အားသုံးစွဲထားမှုမရှိသည့်ပြင် ဓာတ်အားသုံးစွဲရန် အဆိုပြု တင်ပြထားခြင်း မရှိသေးပါသဖြင့် တစ်စုံတစ်ရာ ကန့်ကွက်ရန် မရှိပါကြောင်း သဘောထား ပြန်ကြားအပ်ပါသည်။

(ဝင်းဘို)
ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ

ရင်းနှီးမြှုပ်နှံမှု ကော်မတီ
မွန်ပြည်နယ်၊ မော်လမြိုင်မြို့။

မိတ္တူကို/-
- ရုံးလက်ခံ

သံဖြူဇရပ်မြို့နယ် ဓာတ်အားဖြန့်ဖြူးမှုအခြေပြမြေပုံ



နောက်ဆက်တွဲ (ခ)

ပြည်နယ်ဦးစီးဌာနမှူးရုံး
မွန်ပြည်နယ် စိုက်မှုကြီးကြပ်ရေးနှင့်
စစ်ဆေးရေးဦးစီးဌာန၊ မော်လမြိုင်မြို့
စာအမှတ်၊ ၁၅၁၅(၁-က)မပ-ဖွံ့ဖြိုး/၂၀၁၈(ႁ၆ႁ၄)
ရက်စွဲ ၊ ၂၀၁၈ခုနှစ် ၊စက်တင်ဘာလ ၃ ရက်

သို့

✓မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ
မော်လမြိုင်မြို့

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက် ။ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂၉.၈.၂၀၁၈) ရက်စွဲပါ စာအမှတ်၊ မရက/ ၁/ နင ၈ /၂၀၁၈ (၀၃၄)

၁။ Diamond Parawood Co.,Ltd သည်မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် (O.S.S.-9) ၊ ကွင်းအမည်-ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် (၁၈၂၁) ၊ မြေဧရိယာ (၂၀.၀၁) ဧကအနက် (၉.၄၆) ဧကတွင်ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရာဘာသစ်ခွဲသားထုတ်လုပ်ပြီး ရာနှုန်းပြည့် ပြည်ပသို့တင်ပို့နိုင်ရန် အတွက် ရာဘာသစ်ခွဲသားစက်ရုံတည်ဆောက် ဆောင်ရွက်ခွင့်ပြုပါရန် မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ တင်ပြလာခြင်းအပေါ်သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပါ ကုမ္ပဏီမှဆောင်ရွက်ရမည့်လုပ်ငန်းများ နှင့်ပက်သက်၍ အောက်ပါအချက်များဆောင်ရွက်ရန်လိုပါသည်-

(က) စက်ရုံ၏ အဆောက်အဦနှင့်တည်နေရာသည် ပတ်ဝန်းကျင် ဘေးအန္တရာယ် ရှိနိုင်သည့်အခြေအနေ မရှိရန်လိုအပ်ပါသည်။

(ခ) မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် သက်ဆိုင်ရာဌာန၏ စိစစ်ချက်ဖြင့် စနစ်တကျဆောင်ရွက်ရန်လိုအပ်ပါသည်။

(ဂ) ပတ်ဝန်းကျင် အနှောင့်အယှက်မဖြစ်စေရေး နှင့် ညစ်ညမ်းမှုမရှိစေရေး ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဃ) စက်ရုံ၏ထုတ်လုပ်မှုနည်းစဉ်များသည်စက်ရုံလုပ်သားများ နှင့်ပတ်ဝန်းကျင်တွင်နေထိုင်လျှက်ရှိသောပြည်သူများ၏ကျန်းမာရေးဘေးအန္တရာယ်ထိခိုက်မှုမရှိစေရေးဆောင်ရွက်ရန်လိုအပ်ပါသည်။

(င) အသုံးပြုသော ကုန်ကြမ်းများသည် ပတ်ဝန်းကျင်ဘေးအန္တရာယ် ဖြစ်ပေါ်စေနိုင်ခြင်းမရှိရန် လိုအပ်ပါသည်။

(စ) တည်ဆဲဥပဒေများ ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Diamond Parawood Co., Ltd မှ ရာဘာသစ်ခွဲသားထုတ်လုပ်ပြီး ရာနှုန်းပြည့်ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် ရာဘာသစ်ခွဲသားစက်ရုံတည်ဆောက် ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားလာခြင်း နှင့် ပတ်သက်၍ အထက်ပါအချက်များအား လိုက်နာဆောင်ရွက်မည်ဆိုပါက မွန်ပြည်နယ်စက်မှုကြီးကြပ်ရေး နှင့်စစ်ဆေးရေးဦးစီးဌာနအနေဖြင့် ကန့်ကွက်ရန်မရှိပါကြောင်း သဘောထားပြန်ကြားအပ် ပါသည်။

တင်ညို
ပြည်နယ်ဦးစီးဌာနမှူး

မိတ္တူကို-

- ရုံးလက်ခံ
- မျှောစာတွဲ

ညွှန် ကြား ရေး မှူး ရုံး
ပတ် ဝန်း ကျင် ထိန်း သိမ်း ရေး ဦး စီး ဌာ န
မွန် ပြည် နယ်၊ မော် လ မြိုင် မြို့
စာအမှတ်၊ ၁၃၁၉ / ကကရ / ၂၀၁၈
ရက်စွဲ ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ ၁ ရက်

မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး
(ဝင်စာမှတ်ပုံတင်)
အမှတ်စဉ် ...၆၆၅...
ရရှိသော်ရက်စွဲ ...၂.၁၀.၂၀၁၈...
ရရှိအချိန် ...၁၃:၃၀...
လက်ခံသူလက်မှတ်

သို့

ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ
မွန်ပြည်နယ်

အကြောင်းအရာ။ **သဘောထားမှတ်ချက်အကြောင်းပြန်ကြားခြင်း**

ရည်ညွှန်းချက် ။ မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၂၉-၈-၂၀၁၈) ရက်စွဲပါစာအမှတ်၊ မရက/၁ /နငခ/၂၀၁၈(၀၃၄)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ Diamond Parawood Co., Ltdမှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် (OSS-9)၊ ကွင်းအမည်-ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် (၁၈၂၁)၊ မြေဧရိယာ(၂၀.၁၁)ဧကအနက် (၉.၄၆) ဧကတွင် ရာနှုန်းပြည့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဖြင့် ရာဘာသစ်ခွဲသားထုတ်လုပ်ပြီး ရာနှုန်းပြည့် ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် ရာဘာခွဲသားစက်ရုံ တည်ဆောက်ဆောင်ရွက်ခွင့်ပြုပါရန် မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အတည်ပြု လျှောက်ထားတင်ပြလာခြင်းအပေါ် ကော်မတီမှ အဆိုပါလုပ်ငန်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားမှတ်ချက် ပေးနိုင်ပါရန် မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ရည်ညွှန်းပါစာဖြင့် ညှိနှိုင်း အကြောင်းကြားလာပါသည်။

၂။ Diamond Parawood Co., Ltd မှ အဆိုပြုတင်ပြလာသော ရာဘာသစ်အသုံးပြုပြီး ရာဘာခွဲသားထုတ်လုပ်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းစိစစ်တွေ့ရှိရပါသည်-

(က) Diamond Parawood Co., Ltd ၏ ရာဘာသစ်ခွဲသားစက်ရုံသည် စီမံကိန်း ပထမ (၁)နှစ်နှင့် ဒုတိယ(၄)နှစ်တွင် ရာဘာသစ်ခွဲသား ကုန်ချော (၁၀၀၁၈) ကုဗမီတာ ထုတ်လုပ်မည်ဖြစ်ကြောင်း၊

(ခ) ရာဘာသစ်ခွဲသားစက်ရုံအတွက် လိုအပ်သော ကုန်ကြမ်းများအား ကိုယ်ပိုင်စိုက်ခင်း ထူထောင်၍ ရေရှည်စီမံချက်ဖြင့် ဆောင်ရွက်ထားမှု မရှိဘဲ ဒေသတွင်း အနီးပတ်ဝန်းကျင်မှ ဝယ်ယူသွားမည်ဖြစ်ကြောင်း၊

(ဂ) လုပ်ငန်း၏ ထုတ်လုပ်မှု(၁၀၀) ရာခိုင်နှုန်းအား ပြည်ပသို့ ပြန်လည်တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း၊

(ဃ) ထုတ်လုပ်သည့် လုပ်ငန်းစဉ်တွင် ကုန်ကြမ်းများကို လွှဖြတ်စက်ဖြင့် လိုအပ်သော အတိုင်းအတာရသည်အထိ ပိုင်းဖြတ်ခြင်း၊ ပိုင်းဖြတ်ပြီးသော သစ်ခွဲသားများကို နှစ်နာရီခန့် ဆေးစိမ်ခြင်း၊ ဆေးစိမ်ပြီးသော သစ်ခွဲသားများကို အရွယ်အစားအလိုက်၊ အဆင့်အလိုက် ခွဲခြားခြင်း၊ ခွဲခြားပြီး သစ်များအား အခြောက်ခံခြင်း၊ အခြောက်ခံပြီး

သစ်ခွဲသားများကို အပြစ်အနာစစ်ဆေးခြင်း၊ ရရှိလာသော ကုန်ချောများကို ထုတ်ပိုးခြင်း၊ ပြည်ပတင်ပို့ခြင်းစသည့် လုပ်ငန်းစဉ်အဆင့်ဆင့်များအား လုပ်ဆောင်ကြောင်း။

၃။ ရာဘာသစ်အသုံးပြု၍ တန်ဖိုးမြှင့် ရာဘာခွဲသား ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ အောက်ပါအတိုင်းသုံးသပ်ရပါသည်-

(က) ရာဘာသစ်အသုံးပြု၍ ရာဘာခွဲသားထုတ်လုပ်သည့် လုပ်ငန်းစဉ်တွင် ဓာတုဗေဒပစ္စည်းများအသုံးပြုရန် လိုအပ်မည်ဖြစ်ပါ၍ အဆိုပါဓာတုဗေဒကုန်ကြမ်းပစ္စည်းများ သိုလှောင်ခြင်း၊ ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုခြင်းနှင့် စွန့်ပစ်ခြင်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု ဖြစ်စေနိုင်ပြီး ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများလည်း ဖြစ်ပေါ်စေနိုင်ကြောင်း၊

(ခ) လုပ်ငန်းလုပ်ကိုင်နေချိန် လျှပ်စစ်မီးပြတ်တောက်ပါက အင်ဂျင်မီးစက်ကို အသုံးပြုမည်ဖြစ်သဖြင့် အသုံးပြုမည့် လောင်စာများမှ အခိုးအငွေ့များ ထွက်ရှိခြင်း၊ ထုတ်လုပ်သည့် လုပ်ငန်းစဉ် အဆင့်ဆင့်မှ သစ်အမှုန်အမွှားများ၊ အနံ့အသက်များနှင့် ဆူညံသံများ ထွက်ရှိခြင်းတို့ကြောင့် စက်ရုံအတွင်းရှိ လုပ်သားများနှင့် စက်ရုံဧရိယာ အနီးပတ်ဝန်းကျင်နေထိုင်သူပြည်သူများ၏ ကျန်းမာရေးထိခိုက်မှုများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများ ဖြစ်ပေါ်နိုင်ကြောင်း၊

(ဂ) လုပ်ငန်းသုံးစက်များနှင့် ယာဉ်/ယန္တရားများ၏ ဆူညံသံများကြောင့် အသံညစ်ညမ်းမှု ဖြစ်ပေါ်စေနိုင်ခြင်း၊ ထွက်ရှိလာသော အခိုးအငွေ့များကြောင့် လေထုညစ်ညမ်းခြင်း၊ စက်ရုံဘေးထွက်ပစ္စည်းများ၊ စွန့်ပစ်အရည်များကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ၊ ရေထု၊ လေထု၊ မြေထုညစ်ညမ်းမှုများ ဖြစ်ပေါ်နိုင်ကြောင်း၊

(ဃ) အသုံးပြုမည့်ကုန်ကြမ်းများ၊ ထုတ်လုပ်ပြီး ကုန်ချောများမှာ မီးလောင်လွယ်သော အရာများ ဖြစ်သည့်အတွက် မီးဘေးဆိုင်ရာ ကြိုတင်ကာကွယ်ထားခြင်းများနှင့် ကာကွယ်ပစ္စည်းများ လုံလောက်စွာ မရှိပါက မီးဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ကြောင်း၊

(င) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း နောက်ဆက်တွဲ အမှတ်စဉ်(၆၂)၊ သစ်စက်နှင့် သစ်အချောထည် ပစ္စည်းထုတ်လုပ်ခြင်း လုပ်ငန်းအတွက် တစ်နှစ်လျှင် ကုန်ကြမ်းကုဗမီတာ (၅၀၀၀၀) နှင့်အထက် သစ်အချောထည်ပစ္စည်းထုတ်လုပ်ခြင်း တစ်နှစ်လျှင် ကုဗမီတာ (၁၅၀၀၀)နှင့် အထက် ထုတ်လုပ်ပါက ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းပြုလုပ်ရန် လိုအပ်သည့် အရွယ်အစားဖြစ်ကြောင်း ပြဋ္ဌာန်းထားရှိသဖြင့် ယခုအဆိုပြုလာသည့် Diamond Parawood Co., Ltd၏ သစ်ခွဲသားစက်ရုံ တည်ဆောက်လည်ပတ်ခြင်း လုပ်ငန်းအနေဖြင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) ပြုလုပ်သွားရန် လိုအပ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၄။ ရာဘာသစ်အသုံးပြု၍ ရာဘာခွဲသားထုတ်လုပ်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း သဘောထားပြန်ကြားအပ်ပါသည်

(က) အဆိုပြုရာဘာသစ်ခွဲသား လုပ်ငန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်း

ဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေသည့် နည်းစနစ်များကို အသုံးပြုရန်နှင့် လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု(Cooperate Social Responsibility- CSR) အတွက်နှစ်စဉ် အသားတင်အမြတ်ငွေ၏ ၂%ကို အသုံးပြုခြင်းအား အကောင်အထည် ဖော်ဆောင်ရွက်ရန်၊

(ခ) ရာဘာသစ်ခွဲသားလုပ်ငန်းအတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း(IEE) အစီရင်ခံစာကို ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ အောက်ပါအချက်များအတိုင်း ရေးဆွဲသွားရန်-

(၁) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း(IEE)အစီရင်ခံစာကို ဆောင်ရွက်မည့် အဖွဲ့အစည်း (သို့မဟုတ်) တတိယပုဂ္ဂိုလ်အား ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ်(၃၃)နှင့်အညီ သယံဇာတ နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့တင်ပြ၍ အတည် ပြုချက်ရယူရန်၊

(၂) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း(IEE) အစီရင်ခံစာတွင် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ်(၃၄)နှင့်အညီ အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအား ဆောင်ရွက်ရန်၊

(၃) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း(IEE)အစီရင်ခံစာတွင် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ်(၃၆)နှင့်အညီ အချက်အလက်များ ထည့်သွင်းရေးဆွဲသွားရန်၊

(၄) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း(IEE)အစီရင်ခံစာအား တင်ပြရာတွင် တင်ပြရမည့် အစီအစဉ်အလိုက် လိုအပ်သည့် ပုံစံများ ဖြည့်စွက်၍ ပူးတွဲ တင်ပြရန်၊ အစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် စီမံကိန်းလုပ်ငန်း ဆောင်ရွက်မည့် နေရာဒေသတွင် နေထိုင်သော ဒေသခံပြည်သူများ၏ ဆန္ဒနှင့် သဘောထားများအား အလေးထားဆောင်ရွက်ရန်၊

(ဂ) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း(IEE) အစီရင်ခံစာတွင် လေ့လာဆန်းစစ်မှု ရလဒ်များ ကိုအခြေခံ၍ စီမံကိန်းဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်၊ လူမှုရေး ထိခိုက်မှု မဖြစ်ပေါ် စေရေး(သို့မဟုတ်) ထိခိုက်မှု အနည်းဆုံး ဖြစ်စေမည့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု အစီအစဉ်၊ စောင့်ကြည့်လေ့လာမည့် အစီအစဉ်၊ ပတ်ဝန်းကျင် ထိခိုက်မှု လျော့ပါးရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမှု ရန်ပုံငွေစသည်တို့ ပါဝင်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan -EMP) ကိုပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ထုံးလုပ်နည်းပါအချက်အလက်များ

နှင့်အညီ ရေးဆွဲတင်ပြရန်နှင့် စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဃ) အဆိုပြု လုပ်ငန်းအနေဖြင့် စီးပွားဖြစ်ထုတ်လုပ်နေသည့် စီမံကိန်းကာလအတွင်း ထုတ်လုပ်မှုနည်းစဉ်ပြောင်းလဲခြင်း၊ လုပ်ငန်းပမာဏချဲ့ထွင်ခြင်း၊ ထုတ်လုပ်မှုအား တိုးမြှင့် ထုတ်လုပ်ခြင်းများ ဆောင်ရွက်သွားမည်ဆိုပါက ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ သဘောထားမှတ်ချက် ထပ်မံတောင်းခံ၍ အဆိုပါ သဘောထားမှတ်ချက်နှင့်အညီ ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ချက်ဆောင်ရွက်သွားရန်၊

(င) မွန်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် လုပ်ငန်းဆောင်ရွက်မည့် နေရာဒေသတွင် နေထိုင်သော ဒေသခံပြည်သူများ၏ ဆန္ဒနှင့် သဘောထားများကိုလည်း ရယူဆောင်ရွက်ရန်။

(အောင်အောင်လေး)
ညွှန်ကြားရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
မွန်ပြည်နယ်

မိတ္တူကို

ဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မွန်ပြည်နယ်
ရုံးလက်ခံ
မျှောစာတွဲ

နောက်ဆက်တွဲ (ဃ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
သစ်တောဦးစီးဌာန
ညွှန်ကြားရေးမှူးရုံး၊ မွန်ပြည်နယ်

စာအမှတ်၊
ရက်စွဲ၊ ၂၀၁၈-ခုနှစ်-ဩဂုတ်လ-၃၀-ရက်

သို့

ဥက္ကဋ္ဌ
မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ
တတိယထပ်၊ မြို့နယ်စုပေါင်းရုံး၊ ရုံးကြီးလမ်း
ပန်းဘဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၊ ပန်းဘဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့၏ ၂၉.၈.၂၀၁၈ ရက်စွဲပါစာအမှတ်၊ မရက/ ၁ / နဝ၁ / ၂၀၁၈(၀၃၄)

၁။ Diamond Parawood Co.,Ltd မှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ စနေန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(O.S.S-9)၊ ကွင်းအမည်-ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် (၁၈၂၁)၊ မြေဧရိယာ(၂၀.၀၁)ကေအနက် (၉.၄၆)ကေတွင် ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရာဘာသစ်ခွဲသားထုတ်လုပ်ပြီး ရာနှုန်းပြည့် ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ရာဘာသစ်ခွဲသားစက်ရုံ တည်ဆောက်ဆောင်ရွက်ခွင့်ပြုပါရန် မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ လျှောက်ထားလွှာတင် ပြလာခြင်းနှင့်ပတ်သက်၍ သဘောထားမှတ်ချက်အား ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့ နောက်ဆုံးထားပြန်ကြားပေးနိုင်ပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းအကြောင်းကြားလာပါသည်။

၂။ Diamond Parawood Co.,Ltd သည် မွန်ပြည်နယ်၊ သစ်တောဦးစီးဌာနတွင် သစ်တော ဥပဒေပုဒ်မ-၃၀၊ နည်းဥပဒေ-၈၉(က)အရ သစ်အခြေခံအသုံးပြုသည့်စက်ရုံတည်ထောင်ရန်အတွက် လျှောက်ထားမှု မရှိသေးပါကြောင်း အကြောင်းပြန်ကြားအပ်ပါသည်။

(မင်းသိန်းမြင့်)
ညွှန်ကြားရေးမှူး

မိတ္တူကို
လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ မော်လမြိုင်-သထုံခရိုင်
မြို့နယ်ဦးစီးဌာနမှူး၊ သစ်တောဦးစီးဌာန၊ သံဖြူဇရပ်မြို့နယ်
Diamond Parawood Co.,Ltd
မျှောစာတွဲ
ရုံးလက်ခံ

နောက်ဆက်တွဲ (င)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်နယ်အစိုးရအဖွဲ့

မွန်ပြည်နယ်

စာအမှတ်၊ ၂၀၀ / ၄-၃/ အဖရ(မွန်)(၀၂၉၈)

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်

သို့

✓အတွင်းရေးမှူး

မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ

အုပ်ချုပ်ရေးမှူး

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (မော်လမြိုင်/ သထုံ)

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

Diamond Parawood Co.,Ltd မှ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(O.S.S-9)၊ ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် (၁၈၂၁)၊ မြေဧရိယာ(၂၀.၀၁)ဧကအနက် (၉.၄၆)ဧကတွင် ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရော်ဘာသစ်ခွဲသားထုတ်လုပ်ပြီး ရာနှုန်းပြည့် ပြည်ပသို့တင်ပို့နိုင်ရန်အတွက် ရော်ဘာခွဲသားစက်ရုံတည်ဆောက်ဆောင်ရွက်ခွင့်ပြုပါရန် မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ သဘောထားမှတ်ချက်တောင်းခံလာခြင်းကိစ္စနှင့်ပတ်သက်၍ (၅-၁၀-၂၀၁၈) ရက်နေ့တွင် ကျင်းပပြုလုပ်သော မွန်ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၃၉/၂၀၁၈)၊ ဆုံးဖြတ်ချက် အပိုဒ်(၄၆)အရ ကန့်ကွက်ရန်မရှိကြောင်းနှင့် လည်ပတ်လျက်ရှိနေသည့်သစ်ခွဲသားစက်ရုံ အရေအတွက် အား ပြုစု၍ တင်ပြသွားရန် အကြောင်းကြားပါသည်။

ဝန်ကြီးချုပ်(ကိုယ်စား)

(မြင့်သန်းဝင်း၊ ညွှန်ကြားရေးမှူး)

မိတ္တူကို

စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး

လှည့်လည်စာတွဲ

ရုံးလက်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

စာအမှတ်၊ မရက-၂ / အထွေထွေ/ ၂၀၁၈(၅၁၈)
ရက်စွဲ၊ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၅ ရက်

သို့

မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ

အကြောင်းအရာ။ Diamond Parawood Co.,Ltd.မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရာဘာသစ်ခွဲသားများ ထုတ်လုပ်၍ ပြည်ပသို့ ရာခိုင်နှုန်းပြည့် တင်ပို့သည့် လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုလျှောက်ထားလွှာ တင်ပြလာခြင်းကိစ္စ

ရည်ညွှန်းချက်။ မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ၆-၁၁-၂၀၁၈ ရက်စွဲပါစာအမှတ် မရက/ ၁/ နင၁/၂၀၁၈(၀၄၈)

၁။ Diamond Parawood Co.,Ltd.မှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်-O.S.S.9၊ ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် (၁၈၂၁)ရှိ မြေ (၂၀.၀၈) ဧကအနက်(၉.၄၆)ဧကတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရာဘာသစ်ခွဲသားများထုတ်လုပ်၍ ပြည်ပသို့ ရာခိုင်နှုန်းပြည့်တင်ပို့သည့်လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအား မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလျှောက်ထားလွှာနှင့် ပတ်သက်ပြီး သိရှိညွှန်ကြားပေးနိုင်ပါရန် ရည်ညွှန်းပါစာဖြင့် တင်ပြလာခြင်း ဖြစ်ပါသည်။

၂။ ကုမ္ပဏီမှ တင်ပြလာသော အတည်ပြုလျှောက်ထားလွှာပါလုပ်ငန်းမှာ ရာဘာပင်အိုမှ ရရှိသည့် ရာဘာသစ်ကုန်ကြမ်းများကို အသုံးပြုသည့် သစ်အခြေခံ စက်မှုလုပ်ငန်းဖြစ်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ခွင့်ပြုနိုင်သည့်လုပ်ငန်းဖြစ်ကြောင်း ပြန်ကြားအပ်ပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)
(အောင်နိုင်ဦး၊ အတွင်းရေးမှူး)

မိတ္တူကို

မွန်ပြည်နယ်ဦးစီးမှူးရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရုံးလက်ခံ/မျှောစာတွဲ

အကြောင်းအရာ။ Diamond Parawood Co.,Ltd မှ ရာနှုန်းပြည့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် ရာဘာသစ်ခွဲသားများထုတ်လုပ်မည့်ကိစ္စ

၁	ရင်းနှီးမြှုပ်နှံမည့်သူ/ကုမ္ပဏီ	-	Mr.Teetat Ruangchayajatuporn Diamond Parawood Co.,Ltd.
၂	ရင်းနှီးမြှုပ်နှံမှုပုံသဏ္ဌာန်	-	ရာနှုန်းပြည့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု
၃	လုပ်ငန်းအမျိုးအစား	-	ရာဘာသစ်ခွဲသားများ ထုတ်လုပ်ခြင်းလုပ်ငန်း
၄	စီမံကိန်းလုပ်ငန်းအကျဉ်းချုပ်	-	မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် (O.S.S-9)၊ ကွင်းအမည်(ကြေးတိုင်ပြင်ကွင်း)၊ ဦးပိုင်အမှတ် (၁၈၂၁)၊ ဧရိယာ(၂၀.၀၁) ဧက အနက် (၉.၄၆)ဧက တွင်ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရာဘာသစ်ခွဲသား ထုတ်လုပ်ပြီး ရာနှုန်းပြည့် ပြည်ပသို့ တင်ပို့မည့် လုပ်ငန်းဖြစ်ပါသည်။
၅	တည်နေရာ	-	မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် (O.S.S-9)၊ ကွင်းအမည်(ကြေးတိုင်ပြင်ကွင်း)၊ ဦးပိုင်အမှတ် (၁၈၂၁)၊ ဧရိယာ (၂၀.၀၁) ဧက အနက် (၉.၄၆)ဧက
၆	မြေအကျယ်အဝန်း	-	၉.၄၆ ဧက
၇	မြေအမျိုးအစား	-	ရာဘာခြံမြေအမျိုးအစား၊ လယ်ယာမြေအခြားနည်း အသုံးပြုခွင့် လယ (၃၀-ခ)ရရှိရန်လျှောက်ထားဆဲ ဖြစ်ပါသည်။
၈	မြေပိုင်ရှင်	-	ဦးမိုးမြင့်ကျော်
၉	မြေငှားရမ်းမည့်ကာလ	-	နှစ် (၅၀)
၁၀	မြေငှားရမ်းခ	-	တစ်နှစ် USD- 7500 နှုန်းဖြင့် နှစ် (၃၀)အတွက် USD 225,000 ပေးချေငှားရမ်းမည်ဖြစ်ကြောင်းတွေ့ ရှိရပါသည်။
၁၁	**ရင်းနှီးမြှုပ်နှံမှုပမာဏ**	-	**USD 2.88 million**
	(က) ငွေသား	-	USD 1,681450.00
	(ခ) စက်ပစ္စည်း	-	USD 1,198550.00
	စုစုပေါင်း	-	**USD 2,880,000.00**
၁၂	Loan	-	မရှိပါ
၁၃	ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသက်တမ်း	-	၅၀ နှစ်
၁၄	တည်ဆောက်ရေးကာလ	-	(၂) နှစ်
၁၅	ကုမ္ပဏီ၏ဝင်ငွေ (ဆဋ္ဌမနှစ်)	-	USD 9.8995 Million
၁၆	ကုမ္ပဏီ၏အသုံးစရိတ် (ဆဋ္ဌမနှစ်)	-	USD 9.4250 Million
၁၇	ကုမ္ပဏီ၏အသားတင်အမြတ် (ဆဋ္ဌမနှစ်)	-	USD 0.3559 Million
၁၈	**နိုင်ငံတော်ရမည့်အကျိုးအမြတ် (ဆဋ္ဌမနှစ်)**		
	(က) ဝင်ငွေခွန်	-	USD 0.1186 Million
	(ခ) ကုန်သွယ်လုပ်ငန်းခွန်	-	မရှိပါ
၁၉	အရင်းကြေကာလ (Recoupment Period)	-	၇ နှစ် ၁၁ လ

၂၀	အရင်းအနှီးအပေါ်အကျိုးအမြတ်ပြန်ပေါ်နှုန်း Internal Rate of Return (IRR)	- ၁၃.၅၃%
၂၁	Corporate Social Responsibility (CSR)	- အသားတင်အမြတ် အပေါ် 2%
၂၂	နှစ်စဉ် လျှပ်စစ်ဓါတ်အားလိုအပ်ချက်	- တစ်လလျှင် ၂၉၅၆၇၂ ယူနစ် အစိုးရလျှပ်စစ်မီး မရရှိမီ 500 KVA GENERATOR (၃)လုံး တပ်ဆင်ဆောင်ရွက်မည်ဖြစ်ပါသည်။
၂၃	နှစ်စဉ် ရေလိုအပ်ချက်	- အဝီစိတွင်း တူးဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။
၂၄	နှစ်စဉ် စက်သုံးဆီလိုအပ်ချက်	- ဒီဇယ် ၁၀၁,၅၀၀ ဂါလန်
၂၅	Machinery & Equipment/vehicles	- USD 1198550.00 (ပြည်ပဝယ်)
၂၆	ထုတ်လုပ်မှုပမာဏ	- တစ်နှစ် ရာဘာ ၁၀၀၁၈ တန်
၂၇	ဝန်ထမ်းအင်အား	
	(က) ပြည်တွင်း	- ၁၂၀ ဦး
	(ခ) ပြည်ပ	- ၃ ဦး
	စုစုပေါင်း	- ၁၂၃ ဦး
၂၈	လစာသတ်မှတ်ချက်	ပြည်တွင်း ပြည်ပ(ပညာရှင်)
	(က) အမြင့်ဆုံးလစာ	- ၅၀၀၀၀၀ USD 3000
	(ခ) အနိမ့်ဆုံးလစာ	- ၁၅၀၀၀၀ USD 2000
၂၉	အထွေထွေ	
	(က) ကုမ္ပဏီဆိုင်ရာတွေ့ရှိချက်	- Dimond Parawood Co., Ltd သည် ကုမ္ပဏီ မှတ်ပုံတင်အမှတ်-၇၂အက်ဖ်စီ /၂၀၁၈-၂၀၁၉ (ရက) ဖြစ်ပြီး ၂၄-၄-၂၀၁၈ ရက်နေ့တွင် မှတ်ပုံတင်ထားကြောင်း တွေ့ရှိရပါသည်။ - ကုမ္ပဏီ၏ ငွေကြေးပိုင်ဆိုင်မှုအနေဖြင့် ၅-၆-၂၀၁၈ နေ့ထိ USD 75,000 ရှိကြောင်း ကမ္ဘောဇဘဏ်၊ International Banking Division၊ ရန်ကုန်မြို့၏ Bank Statement တင်ပြထားပါသည်။
	(ခ) မြေဆိုင်ရာတွေ့ရှိချက်	- လုပ်ငန်းဆောင်ရွက်မည့် မွန်ပြည်နယ်၊မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊စခန်းကြီးကျေးရွာအုပ်စု၊ကွင်းအမှတ် (O.S.S-9)၊ ကွင်းအမည်- (ကြေးတိုင်ပြင်ကွင်း)၊ ဦးပိုင်အမှတ် (၁၈၂၁)၊ ဧရိယာ(၂၀.၀၁)ဧက အား မူလပိုင်ရှင် ဒေါ်အေးမြထံမှ ဦးမိုးမြင့်ကျော်က ဝယ်ယူထားကြောင်း အရောင်းအဝယ် စာချုပ်နှင့် စာချုပ်စာတမ်း မှတ်ပုံတင်ထားသော ကိုယ်စားလှယ်လွှဲစာပူးတွဲတင်ပြထားပါသည်။ - ဦးမိုးမြင့်ကျော်ထံမှ ကုမ္ပဏီက နှစ် (၅၀)စာချုပ်ချုပ်ဆို ငှားရမ်းမည်ဖြစ်ပြီးတစ်နှစ် USD ၇၅၀၀ နှုန်းဖြင့် (၃၀) နှစ်အတွက် USD ၂၂၅၀၀၀ ကနဦးပေးချေငှားရမ်းမည် ဖြစ်ကြောင်း မြေငှားစာချုပ် မူကြမ်းတင်ပြထားပါသည်။ - မြေအသုံးပြုခွင့် လယ (၃၀-ခ) ရရှိရန် လျှောက်ထားဆဲ ဖြစ်ကြောင်း မြေစာရင်းပုံစံ ၁၀၅ နှင့်တကွ တင်ပြထား ပါသည်။

	(ဂ) အခြား	- စက်ရုံအဆောက်အဦပုံစံ၊ထုတ်လုပ်မည့်နည်းစနစ်များ တင်ပြထားပြီးမီးဘေးကာကွယ်မှုအစီအမံနှင့်ဝန်ထမ်း သက်သာချောင်ချိရေးအစီအစဉ် တင်ပြထားပါသည်။ - အတည်ပြုမိန့်ရရှိပါက ကုမ္ပဏီအနေဖြင့် သက်ဆိုင်ဌာန များ၏ လမ်းညွှန်ချက်များ၊ တည်ဆဲဥပဒေလုပ်ထုံးလုပ် နည်းများနှင့်အညီ လိုက်နာဆောင်ရွက်သွားမည်ဖြစ် ကြောင်း ကတိဝန်ခံမှုပြုထားပါသည်။ - ပြည်တွင်းဝန်ထမ်းများ အတွက် အနိမ့်ဆုံးလုပ်ခလစာ ဥပဒေသတ်မှတ်ချက်နှင့်အညီ သတ်မှတ်ကျခံရိုးမြှင့်ပေး မည်ဖြစ်ကြောင်း ကတိဝန်ခံချက်ဖော်ပြပါရှိပါသည်။ - ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောဝန်ကြီးဌာန၏ သစ်စက်လိုင်စင်saw millလိုင်စင်ရယူဆောင်ရွက်သွား မည်ဖြစ်ကြောင်း ကတိဝန်ခံချက်ဖော်ပြပါရှိပါသည်။ - လစာငွေ တစ်နှစ်လျှင် ကျပ်(၄၈)သိန်းအထက်ရှိသော ဝန်ထမ်းများ၏ ဝင်ငွေခွန်ကို ကုမ္ပဏီမှ တာဝန်ယူပေး ဆောင်သွားမည်ဖြစ်ကြောင်းဝန်ခံကတိ ပြုထားပါသည်။

အကြောင်းအရာ။ Diamond Parawood Co.,Ltd မှ ရာနူန်းပြည့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် ရာဘာသစ်ခွဲသားများထုတ်လုပ်မည့်ကိစ္စ

၁	ရင်းနှီးမြှုပ်နှံမည့်သူ/ကုမ္ပဏီ	- Mr.Teetat Ruangchayajatuporn Diamond Parawood Co.,Ltd.
၂	ရင်းနှီးမြှုပ်နှံမှုပုံသဏ္ဌာန်	- ရာနူန်းပြည့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု
၃	လုပ်ငန်းအမျိုးအစား	- ရာဘာသစ်ခွဲသားများ ထုတ်လုပ်ခြင်းလုပ်ငန်း
၄	စီမံကိန်းလုပ်ငန်းအကျဉ်းချုပ်	- မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် (O.S.S-9)၊ ကွင်းအမည်(ကြေးတိုင်ပြင်ကွင်း)၊ ဦးပိုင်အမှတ် (၁၈၂၁)၊ ဧရိယာ(၂၀.၀၁) ဧက အနက် (၉.၄၆)ဧက တွင်ရာနူန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရာဘာသစ် ခွဲသား ထုတ်လုပ်ပြီး ရာနူန်းပြည့် ပြည်ပသို့ တင်ပို့မည့် လုပ်ငန်းဖြစ်ပါသည်။
၅	တည်နေရာ	- မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် (O.S.S-9)၊ ကွင်းအမည်(ကြေးတိုင်ပြင်ကွင်း)၊ ဦးပိုင်အမှတ် (၁၈၂၁)၊ ဧရိယာ (၂၀.၀၁) ဧက အနက် (၉.၄၆)ဧက
၆	မြေအကျယ်အဝန်း	- ၉.၄၆ ဧက
၇	မြေအမျိုးအစား	- ရာဘာခြံမြေအမျိုးအစား၊ လယ်ယာမြေအခြားနည်း အသုံးပြုခွင့် လယ (၃၀-ခ)ရရှိရန်လျှောက်ထားဆဲ ဖြစ်ပါသည်။
၈	မြေပိုင်ရှင်	- ဦးမိုးမြင့်ကျော်
၉	မြေငှားရမ်းမည့်ကာလ	- နှစ် (၅၀)
၁၀	မြေငှားရမ်းခ	- တစ်နှစ် USD- 7500 နူန်းဖြင့် နှစ် (၃၀)အတွက် USD 225,000 ပေးချေငှားရမ်းမည်ဖြစ်ကြောင်းတွေ့ ရှိရပါသည်။
၁၁	**ရင်းနှီးမြှုပ်နှံမှုပမာဏ**	- **USD 2.88 million**
	(က) ငွေသား	- USD 1,681450.00
	(ခ) စက်ပစ္စည်း	- USD 1,198550.00
	စုစုပေါင်း	- **USD 2,880,000.00**
၁၂	Loan	- မရှိပါ
၁၃	ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသက်တမ်း	- ၅၀ နှစ်
၁၄	တည်ဆောက်ရေးကာလ	- (၂) နှစ်
၁၅	ကုမ္ပဏီ၏ဝင်ငွေ (ဆဋ္ဌမနှစ်)	- USD 9.8995 Million
၁၆	ကုမ္ပဏီ၏အသုံးစရိတ် (ဆဋ္ဌမနှစ်)	- USD 9.4250 Million
၁၇	ကုမ္ပဏီ၏အသားတင်အမြတ် (ဆဋ္ဌမနှစ်)	- USD 0.3559 Million
၁၈	**နိုင်ငံတော်ရမည့်အကျိုးအမြတ် (ဆဋ္ဌမနှစ်)**	
	(က) ဝင်ငွေခွန်	- USD 0.1186 Million
	(ခ) ကုန်သွယ်လုပ်ငန်းခွန်	- မရှိပါ
၁၉	အရင်းကြေကာလ (Recoupment Period)	- ၇ နှစ် ၁၁ လ

၂၀	အရင်းအနှီးအပေါ်အကျိုးအမြတ်ပြန်ပေါ်နှုန်း Internal Rate of Return (IRR)	- ၁၃.၅၃%
၂၁	Corporate Social Responsibility (CSR)	- အသားတင်အမြတ် အပေါ် 2%
၂၂	နှစ်စဉ် လျှပ်စစ်ဓါတ်အားလိုအပ်ချက်	- တစ်လလျှင် ၂၉၅၆၇၂ ယူနစ် အစိုးရလျှပ်စစ်မီး မရရှိမီ 500 KVA GENERATOR (၃)လုံး တပ်ဆင်ဆောင်ရွက်မည်ဖြစ်ပါသည်။
၂၃	နှစ်စဉ် ရေလိုအပ်ချက်	- အဝီစိတွင်း တူးဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။
၂၄	နှစ်စဉ် စက်သုံးဆီလိုအပ်ချက်	- ဒီဇယ် ၁၀၁,၅၀၀ ဂါလန်
၂၅	Machinery & Equipment/vehicles	- USD 1198550.00 (ပြည်ပဝယ်)
၂၆	ထုတ်လုပ်မှုပမာဏ	- တစ်နှစ် ရာဘာ ၁၀၀၁၈ တန်
၂၇	ဝန်ထမ်းအင်အား	
	(က) ပြည်တွင်း	- ၁၂၀ ဦး
	(ခ) ပြည်ပ	- ၃ ဦး
	စုစုပေါင်း	- ၁၂၃ ဦး
၂၈	လစာသတ်မှတ်ချက်	ပြည်တွင်း / ပြည်ပ(ပညာရှင်)
	(က) အမြင့်ဆုံးလစာ	- ၅၀၀၀၀၀ / USD 3000
	(ခ) အနိမ့်ဆုံးလစာ	- ၁၅၀၀၀၀ / USD 2000
၂၉	အထွေထွေ	
	(က) ကုမ္ပဏီဆိုင်ရာတွေ့ရှိချက်	- Dimond Parawood Co., Ltd သည် ကုမ္ပဏီ မှတ်ပုံတင်အမှတ်-၇၂အက်ဖ်စီ /၂၀၁၈-၂၀၁၉ (ရက) ဖြစ်ပြီး ၂၄-၄-၂၀၁၈ ရက်နေ့တွင် မှတ်ပုံတင်ထားကြောင်း တွေ့ရှိရပါသည်။ - ကုမ္ပဏီ၏ ငွေကြေးပိုင်ဆိုင်မှုအနေဖြင့် ၅-၆-၂၀၁၈ နေ့ထိ USD 75,000 ရှိကြောင်း ကမ္ဘောဇဘဏ်၊ International Banking Division၊ ရန်ကုန်မြို့၏ Bank Statement တင်ပြထားပါသည်။
	(ခ) မြေဆိုင်ရာတွေ့ရှိချက်	- လုပ်ငန်းဆောင်ရွက်မည့် မွန်ပြည်နယ်၊မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊စခန်းကြီးကျေးရွာအုပ်စု၊ကွင်းအမှတ် (O.S.S-9)၊ ကွင်းအမည်- (ကြေးတိုင်ပြင်ကွင်း)၊ ဦးပိုင်အမှတ် (၁၈၂၁)၊ ဧရိယာ(၂၀.၀၁)ဧက အား မူလပိုင်ရှင် ဒေါ်အေးမြထံမှ ဦးမိုးမြင့်ကျော်က ဝယ်ယူထားကြောင်း အရောင်းအဝယ် စာချုပ်နှင့် စာချုပ်စာတမ်း မှတ်ပုံတင်ထားသော ကိုယ်စားလှယ်လွှဲစာပူးတွဲတင်ပြထားပါသည်။ - ဦးမိုးမြင့်ကျော်ထံမှ ကုမ္ပဏီက နှစ် (၅၀)စာချုပ်ချုပ်ဆို ငှားရမ်းမည်ဖြစ်ပြီးတစ်နှစ် USD ၇၅၀၀ နှုန်းဖြင့် (၃၀) နှစ်အတွက် USD ၂၂၅၀၀၀ ကနဦးပေးချေငှားရမ်းမည် ဖြစ်ကြောင်း မြေငှားစာချုပ် မူကြမ်းတင်ပြထားပါသည်။ - မြေအသုံးပြုခွင့် လဃ (၃၀-ခ) ရရှိရန် လျှောက်ထားဆဲ ဖြစ်ကြောင်း မြေစာရင်းပုံစံ ၁၀၅ နှင့်တကွ တင်ပြထားပါသည်။

	(ဂ) အခြား	- စက်ရုံအဆောက်အဦပုံစံ၊ထုတ်လုပ်မည့်နည်းစနစ်များ တင်ပြထားပြီးမီးဘေးကာကွယ်မှုအစီအမံနှင့်ဝန်ထမ်း သက်သာချောင်ချိရေးအစီအစဉ် တင်ပြထားပါသည်။ - အတည်ပြုမိန့်ရရှိပါက ကုမ္ပဏီအနေဖြင့် သက်ဆိုင်ဌာန များ၏ လမ်းညွှန်ချက်များ၊ တည်ဆဲဥပဒေလုပ်ထုံးလုပ် နည်းများနှင့်အညီ လိုက်နာဆောင်ရွက်သွားမည်ဖြစ် ကြောင်း ကတိဝန်ခံမှုပြုထားပါသည်။ - ပြည်တွင်းဝန်ထမ်းများ အတွက် အနိမ့်ဆုံးလုပ်ခလစာ ဥပဒေသတ်မှတ်ချက်နှင့်အညီ သတ်မှတ်ကျခံချီးမြှင့်ပေး မည်ဖြစ်ကြောင်း ကတိဝန်ခံချက်ဖော်ပြပါရှိပါသည်။ - ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောဝန်ကြီးဌာန၏ သစ်စက်လိုင်စင်saw millလိုင်စင်ရယူဆောင်ရွက်သွား မည်ဖြစ်ကြောင်း ကတိဝန်ခံချက်ဖော်ပြပါရှိပါသည်။ - လစာငွေ တစ်နှစ်လျှင် ကျပ်(၄၈)သိန်းအထက်ရှိသော ဝန်ထမ်းများ၏ ဝင်ငွေခွန်ကို ကုမ္ပဏီမှ တာဝန်ယူပေး ဆောင်သွားမည်ဖြစ်ကြောင်းဝန်ခံကတိ ပြုထားပါသည်။

နောက်ဆက်တွဲ (က)

မွန်ပြည်နယ် ... အရေး
(ဝင်စာမှတ်ပုံ)
အမှတ်စဉ် ...
ရရှိရက်စွဲ ...
ရရှိအချိန် ...
လက်ခံသူလက်မှတ် ...

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး
မွန်ပြည်နယ်-မော်လမြိုင်မြို့။

စာအမှတ်၊ [illegible] / ၄အ - ၂လ (မပ) / ၂၀၁၈။
ရက်စွဲ ၊၂၀၁၈ခုနှစ်၊စက်တင်ဘာလ([illegible])ရက်။

အကြောင်းအရာ။ **သဘောထားမှတ်ချက် တောင်းခံခြင်း**

ရည်ညွှန်းချက် ။ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၂၉.၈.၂၀၁၈) ရက်စွဲပါ စာအမှတ်၊ မရက/၁/နငခ/၂၀၁၈ (၀၃၄)

၁။ မွန်ပြည်နယ်၊မော်လမြိုင်ခရိုင်၊သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် (O.S.S-9)၊ ကွင်းအမည်-ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ်(၁၈၂၁)၊ မြေဧရိယာ(၂၀.၀၁)ဧက အနက် (၉.၄၆)ဧကတွင် ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရာဘာသစ်ခွဲသားထုတ်လုပ်ပြီး ရာနှုန်းပြည့် ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် ရာဘာသစ်ခွဲသားစက်ရုံ တည်ဆောက်ဆောင်ရွက်ခွင့်ပြုပါရန် မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အတည်ပြုလျှောက် ထားလွှာတင်ပြချက်အား သဘောထားမှတ်ချက်အား ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းလာပါသည်။


၂။ အဆိုပါ ရာဘာသစ်သားခွဲ ထုတ်လုပ်ရေးစက်ရုံရှေ့တွင် ၁၁ကေဗွီ သကြော-ရဲတံခွန် ဓာတ်အားလိုင်းရှိသော်လည်း ဓာတ်အားသုံးစွဲထားမှုမရှိသည့်ပြင် ဓာတ်အားသုံးစွဲရန် အဆိုပြု တင်ပြထားခြင်း မရှိသေးပါသဖြင့် တစ်စုံတစ်ရာ ကန့်ကွက်ရန် မရှိပါကြောင်း သဘောထား ပြန်ကြားအပ်ပါသည်။

(ဝင်းဘို)
ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ

ရင်းနှီးမြှုပ်နှံမှု ကော်မတီ
မွန်ပြည်နယ်၊ မော်လမြိုင်မြို့။

မိတ္တူကို/-
- ရုံးလက်ခံ

သံဖြူဇရပ်မြို့နယ် ဓာတ်အားဖြန့်ဖြူးမှုအခြေပြမြေပုံ



နောက်ဆက်တွဲ (ခ)

ပြည်နယ်ဦးစီးဌာနမှူးရုံး
မွန်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်
စစ်ဆေးရေးဦးစီးဌာန၊ မော်လမြိုင်မြို့
စာအမှတ်၊ ၁၅၁၅(၁-က)မပ-ဖွံ့ဖြိုး/၂၀၁၈(၂၉၃၄)
ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ၊စက်တင်ဘာလ ၃ ရက်

သို့

✓မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ
မော်လမြိုင်မြို့

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက် ။ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂၉.၈.၂၀၁၈) ရက်စွဲပါ စာအမှတ်၊ မရက/၁/နငခ /၂၀၁၈ (၀၃၄)

၁။ Diamond Parawood Co.,Ltd သည်မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် (O.S.S.-9) ၊ ကွင်းအမည်-ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် (၁၈၂၁) ၊ မြေဧရိယာ (၂၀.၀၁) ဧကအနက် (၉.၄၆) ဧကတွင်ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရာဘာသစ်ခွဲသားထုတ်လုပ်ပြီး ရာနှုန်းပြည့်ပြည်ပသို့တင်ပို့နိုင်ရန် အတွက် ရာဘာသစ်ခွဲသားစက်ရုံတည်ဆောက် ဆောင်ရွက်ခွင့်ပြုပါရန် မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ တင်ပြလာခြင်းအပေါ်သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပါ ကုမ္ပဏီမှဆောင်ရွက်ရမည့်လုပ်ငန်းများ နှင့်ပက်သက်၍ အောက်ပါအချက်များဆောင်ရွက်ရန်လိုပါသည်-

(က) စက်ရုံ၏ အဆောက်အဦနှင့်တည်နေရာသည် ပတ်ဝန်းကျင် ဘေးအန္တရာယ်ရှိနိုင်သည့်အခြေအနေ မရှိရန်လိုအပ်ပါသည်။

(ခ) မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သက်ဆိုင်ရာဌာန၏ စိစစ်ချက်ဖြင့် စနစ်တကျဆောင်ရွက်ရန်လိုအပ်ပါသည်။

(ဂ) ပတ်ဝန်းကျင် အနှောင့်အယှက်မဖြစ်စေရေး နှင့် ညစ်ညမ်းမှုမရှိစေရေး ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဃ) စက်ရုံ၏ထုတ်လုပ်မှုနည်းစဉ်များသည်စက်ရုံလုပ်သားများ နှင့်ပတ်ဝန်းကျင်တွင်နေထိုင်လျှက်ရှိသောပြည်သူများ၏ကျန်းမာရေးဘေးအန္တရာယ်ထိခိုက်မှုမရှိစေရေးဆောင်ရွက်ရန်လိုအပ်ပါသည်။

(င) အသုံးပြုသော ကုန်ကြမ်းများသည် ပတ်ဝန်းကျင်ဘေးအန္တရာယ် ဖြစ်ပေါ်စေနိုင်ခြင်းမရှိရန် လိုအပ်ပါသည်။

(စ) တည်ဆဲဥပဒေများ ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Diamond Parawood Co., Ltd မှ ရာဘာသစ်ခွဲသားထုတ်လုပ်ပြီး ရာနှုန်းပြည့်ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် ရာဘာသစ်ခွဲသားစက်ရုံတည်ဆောက် ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားလာခြင်း နှင့် ပတ်သက်၍ အထက်ပါအချက်များအား လိုက်နာဆောင်ရွက်မည်ဆိုပါက မွန်ပြည်နယ်စက်မှုကြီးကြပ်ရေး နှင့်စစ်ဆေးရေးဦးစီးဌာနအနေဖြင့် ကန့်ကွက်ရန်မရှိပါကြောင်း သဘောထားပြန်ကြားအပ် ပါသည်။

တင်ညို
ပြည်နယ်ဦးစီးဌာနမှူး

မိတ္တူကို-

- ရုံးလက်ခံ
- မျှောစာတွဲ

နောက်ဆက်တွဲ (ဂ)

ညွှန်ကြားရေးမှူးရုံး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
မွန်ပြည်နယ်၊ မော်လမြိုင်မြို့
စာအမှတ်၊ ၁၃၁၉ / ကကရ / ၂၀၁၈
ရက်စွဲ ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ ၁ ရက်

မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး
(ဝင်စာမှတ်ပုံတင်)
အမှတ်စဉ် ......
ရရှိသောနေ့ ၂.၁၀.၂၀၁၈
ရရှိအချိန် ၁၃း၃၀
လက်ခံသူလက်မှတ်

သို့

ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ
မွန်ပြည်နယ်

အကြောင်းအရာ။ **သဘောထားမှတ်ချက်အကြောင်းပြန်ကြားခြင်း**

ရည်ညွှန်းချက် ။ မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၂၉-၈-၂၀၁၈) ရက်စွဲပါစာအမှတ်၊ မရက/ ၁ /နင၁/၂၀၁၈(၀၃၄)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ Diamond Parawood Co., Ltdမှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် (OSS-9)၊ ကွင်းအမည်-ကြေးတိုင်ပြင်ကွင်း၊၊ ဦးပိုင်အမှတ် (၁၈၂၁)၊ မြေဧရိယာ(၂၀.၁၁)ဧကအနက် (၉.၄၆) ဧကတွင် ရာနှုန်းပြည့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဖြင့် ရာဘာသစ်ခွဲသားထုတ်လုပ်ပြီး ရာနှုန်းပြည့် ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် ရာဘာခွဲသားစက်ရုံ တည်ဆောက်ဆောင်ရွက်ခွင့်ပြုပါရန် မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အတည်ပြု လျှောက်ထားတင်ပြလာခြင်းအပေါ် ကော်မတီမှ အဆိုပါလုပ်ငန်းနှင့်ပတ်သတ်၍ ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားမှတ်ချက်ပေးနိုင်ပါရန် မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းအကြောင်းကြားလာပါသည်။

၂။ Diamond Parawood Co., Ltd မှ အဆိုပြုတင်ပြလာသော ရာဘာသစ်အသုံးပြုပြီး ရာဘာခွဲသားထုတ်လုပ်ခြင်းလုပ်ငန်းနှင့်ပတ်သတ်၍ အောက်ပါအတိုင်းစိစစ်တွေ့ရှိရပါသည်-

(က) Diamond Parawood Co., Ltd ၏ ရာဘာသစ်ခွဲသားစက်ရုံသည် စီမံကိန်း ပထမ (၁)နှစ်နှင့် ဒုတိယ(၄)နှစ်တွင် ရာဘာသစ်ခွဲသား ကုန်ချော (၁၀၀၁၈) ကုဗမီတာ ထုတ်လုပ်မည်ဖြစ်ကြောင်း၊

(ခ) ရာဘာသစ်ခွဲသားစက်ရုံအတွက် လိုအပ်သော ကုန်ကြမ်းများအား ကိုယ်ပိုင်စိုက်ခင်း ထူထောင်၍ ရေရှည်စီမံချက်ဖြင့် ဆောင်ရွက်ထားမှု မရှိဘဲ ဒေသတွင်း အနီးပတ်ဝန်းကျင်မှ ဝယ်ယူသွားမည်ဖြစ်ကြောင်း၊

(ဂ) လုပ်ငန်း၏ ထုတ်လုပ်မှု(၁၀၀) ရာခိုင်နှုန်းအား ပြည်ပသို့ ပြန်လည်တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း၊

(ဃ) ထုတ်လုပ်သည့် လုပ်ငန်းစဉ်တွင် ကုန်ကြမ်းများကို လွှဖြတ်စက်ဖြင့် လိုအပ်သော အတိုင်းအတာရသည်အထိ ပိုင်းဖြတ်ခြင်း၊ ပိုင်းဖြတ်ပြီးသော သစ်ခွဲသားများကို နှစ်နာရီခန့် ဆေးစိမ်ခြင်း၊ ဆေးစိမ်ပြီးသော သစ်ခွဲသားများကို အရွယ်အစားအလိုက်၊ အဆင့်အလိုက် ခွဲခြားခြင်း၊ ခွဲခြားပြီး သစ်များအား အခြောက်ခံခြင်း၊ အခြောက်ခံပြီး

သစ်ခွဲသားများကို အပြစ်အနာစစ်ဆေးခြင်း၊ ရရှိလာသော ကုန်ချောများကို ထုတ်ပိုးခြင်း၊ ပြည်ပတင်ပို့ခြင်းစသည့် လုပ်ငန်းစဉ်အဆင့်ဆင့်များအား လုပ်ဆောင်ကြောင်း။

၃။ ရာဘာသစ်အသုံးပြု၍ တန်ဖိုးမြှင့် ရာဘာခွဲသား ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ အောက်ပါအတိုင်းသုံးသပ်ရပါသည်-

(က) ရာဘာသစ်အသုံးပြု၍ ရာဘာခွဲသားထုတ်လုပ်သည့် လုပ်ငန်းစဉ်တွင် ဓာတုဗေဒပစ္စည်းများအသုံးပြုရန် လိုအပ်မည်ဖြစ်ပါ၍ အဆိုပါဓာတုဗေဒကုန်ကြမ်းပစ္စည်းများ သိုလှောင်ခြင်း၊ ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုခြင်းနှင့် စွန့်ပစ်ခြင်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု ဖြစ်စေနိုင်ပြီး ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများလည်း ဖြစ်ပေါ်စေနိုင်ကြောင်း၊

(ခ) လုပ်ငန်းလုပ်ကိုင်နေချိန် လျှပ်စစ်မီးပြတ်တောက်ပါက အင်ဂျင်မီးစက်ကို အသုံးပြုမည်ဖြစ်သဖြင့် အသုံးပြုမည့် လောင်စာများမှ အခိုးအငွေ့များ ထွက်ရှိခြင်း၊ ထုတ်လုပ်သည့် လုပ်ငန်းစဉ် အဆင့်ဆင့်မှ သစ်အမှုန်အမွှားများ၊ အနံ့အသက်များနှင့် ဆူညံသံများ ထွက်ရှိခြင်းတို့ကြောင့် စက်ရုံအတွင်းရှိ လုပ်သားများနှင့် စက်ရုံဧရိယာ အနီးပတ်ဝန်းကျင်နေထိုင်သူပြည်သူများ၏ ကျန်းမာရေးထိခိုက်မှုများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများ ဖြစ်ပေါ်နိုင်ကြောင်း၊

(ဂ) လုပ်ငန်းသုံးစက်များနှင့် ယာဉ်/ယန္တရားများ၏ ဆူညံသံများကြောင့် အသံညစ်ညမ်းမှုဖြစ်ပေါ်စေနိုင်ခြင်း၊ ထွက်ရှိလာသော အခိုးအငွေ့များကြောင့် လေထုညစ်ညမ်းခြင်း၊ စက်ရုံဘေးထွက်ပစ္စည်းများ၊ စွန့်ပစ်အရည်များကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ၊ ရေထု၊ လေထု၊ မြေထုညစ်ညမ်းမှုများ ဖြစ်ပေါ်နိုင်ကြောင်း၊

(ဃ) အသုံးပြုမည့်ကုန်ကြမ်းများ၊ ထုတ်လုပ်ပြီး ကုန်ချောများမှာ မီးလောင်လွယ်သော အရာများ ဖြစ်သည့်အတွက် မီးဘေးဆိုင်ရာ ကြိုတင်ကာကွယ်ထားခြင်းများနှင့် ကာကွယ်ပစ္စည်းများ လုံလောက်စွာ မရှိပါက မီးဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ကြောင်း၊

(င) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း နောက်ဆက်တွဲ အမှတ်စဉ်(၆၂)၊ သစ်စက်နှင့် သစ်အချောထည် ပစ္စည်းထုတ်လုပ်ခြင်း လုပ်ငန်းအတွက် တစ်နှစ်လျှင် ကုန်ကြမ်းကုဗမီတာ (၅၀၀၀၀) နှင့်အထက် သစ်အချောထည်ပစ္စည်းထုတ်လုပ်ခြင်း တစ်နှစ်လျှင် ကုဗမီတာ (၁၅၀၀၀)နှင့် အထက် ထုတ်လုပ်ပါက ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းပြုလုပ်ရန် လိုအပ်သည့် အရွယ်အစားဖြစ်ကြောင်း ပြဋ္ဌာန်းထားရှိသဖြင့် ယခုအဆိုပြုလာသည့် Diamond Parawood Co., Ltd၏ သစ်ခွဲသားစက်ရုံ တည်ဆောက်လည်ပတ်ခြင်း လုပ်ငန်းအနေဖြင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) ပြုလုပ်သွားရန် လိုအပ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၄။ ရာဘာသစ်အသုံးပြု၍ ရာဘာခွဲသားထုတ်လုပ်ခြင်းလုပ်ငန်းနှင့်ပတ်သတ်၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း သဘောထားပြန်ကြားအပ်ပါသည်-

(က) အဆိုပြုရာဘာသစ်ခွဲသား လုပ်ငန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်း

ဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေသည့် နည်းစနစ်များကို အသုံးပြုရန်နှင့် လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု(Cooperate Social Responsibility- CSR) အတွက်နှစ်စဉ် အသားတင်အမြတ်ငွေ၏ ၂%ကို အသုံးပြုခြင်းအား အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) ရာဘာသစ်ခွဲသားလုပ်ငန်းအတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း(IEE) အစီရင်ခံစာကို ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ အောက်ပါအချက်များအတိုင်း ရေးဆွဲသွားရန်-

(၁) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း(IEE)အစီရင်ခံစာကို ဆောင်ရွက်မည့် အဖွဲ့အစည်း (သို့မဟုတ်) တတိယပုဂ္ဂိုလ်အား ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ်(၃၃)နှင့်အညီ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့တင်ပြ၍ အတည်ပြုချက်ရယူရန်၊

(၂) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း(IEE) အစီရင်ခံစာတွင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ်(၃၄)နှင့်အညီ အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအား ဆောင်ရွက်ရန်၊

(၃) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း(IEE)အစီရင်ခံစာတွင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ်(၃၆)နှင့်အညီ အချက်အလက်များ ထည့်သွင်းရေးဆွဲသွားရန်၊

(၄) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း(IEE)အစီရင်ခံစာအား တင်ပြရာတွင် တင်ပြရမည့် အစီအစဉ်အလိုက် လိုအပ်သည့် ပုံစံများ ဖြည့်စွက်၍ ပူးတွဲတင်ပြရန်၊ အစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်မည့် နေရာဒေသတွင် နေထိုင်သော ဒေသခံပြည်သူများ၏ ဆန္ဒနှင့် သဘောထားများအား အလေးထားဆောင်ရွက်ရန်၊

(ဂ) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း(IEE) အစီရင်ခံစာတွင် လေ့လာဆန်းစစ်မှု ရလဒ်များကိုအခြေခံ၍ စီမံကိန်းဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်၊ လူမှုရေး ထိခိုက်မှု မဖြစ်ပေါ်စေရေး(သို့မဟုတ်) ထိခိုက်မှု အနည်းဆုံး ဖြစ်စေမည့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု အစီအစဉ်၊ စောင့်ကြည့်လေ့လာမည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမှု ရန်ပုံငွေစသည်တို့ပါဝင်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan -EMP) ကိုပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ထုံးလုပ်နည်းပါအချက်အလက်များ

နှင့်အညီ ရေးဆွဲတင်ပြရန်နှင့် စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဃ) အဆိုပြု လုပ်ငန်းအနေဖြင့် စီးပွားဖြစ်ထုတ်လုပ်နေသည့် စီမံကိန်းကာလအတွင်း ထုတ်လုပ်မှုနည်းစဉ်ပြောင်းလဲခြင်း၊ လုပ်ငန်းပမာဏချဲ့ထွင်ခြင်း၊ ထုတ်လုပ်မှုအား တိုးမြှင့် ထုတ်လုပ်ခြင်းများ ဆောင်ရွက်သွားမည်ဆိုပါက ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ သဘောထားမှတ်ချက် ထပ်မံတောင်းခံ၍ အဆိုပါ သဘောထားမှတ်ချက်နှင့်အညီ ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ချက်ဆောင်ရွက်သွားရန်၊

(င) မွန်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် လုပ်ငန်းဆောင်ရွက်မည့် နေရာဒေသတွင် နေထိုင်သော ဒေသခံပြည်သူများ၏ ဆန္ဒနှင့် သဘောထားများကိုလည်း ရယူဆောင်ရွက်ရန်။

(အောင်အောင်လေး)
ညွှန်ကြားရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
မွန်ပြည်နယ်

မိတ္တူကို

ဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မွန်ပြည်နယ်
ရုံးလက်ခံ
မျှောစာတွဲ

နောက်ဆက်တွဲ (ဃ)

မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှု-ကော်မတီရုံး (ဝင်စာမှတ်ပုံတင်)
အမှတ်စဉ် ... ၀၅၀ ...
ရရှိရက်စွဲ ... ၃၁.၈.၂၀၁၈
ရရှိအချိန် ... ၁၁:၀၀ နာရီ
လက်ခံသူလက်မှတ် ...

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
သစ်တောဦးစီးဌာန
ညွှန်ကြားရေးမှူးရုံး၊ မွန်ပြည်နယ်

စာအမှတ်
ရက်စွဲ၊ ၂၀၁၈-ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်

သို့

ဥက္ကဋ္ဌ
မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ
တတိယထပ်၊ မြို့နယ်စုပေါင်းရုံး၊ ရုံးကြီးလမ်း
ပန်းဘဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၊ ပန်းဘဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့၏ ၂၉.၈.၂၀၁၈ ရက်စွဲပါစာအမှတ်၊ မရက/ ၁ / နဝ / ၂၀၁၈(၀၃၄)

၁။ Diamond Parawood Co.,Ltd မှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(O.S.S-9)၊ ကွင်းအမည်-ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် (၁၈၂၁)၊ မြေဧရိယာ(၂၀.၀၁)ဧကအနက် (၉.၄၆)ဧကတွင် ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရာဘာသစ်ခွဲသားထုတ်လုပ်ပြီး ရာနှုန်းပြည့် ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ရာဘာသစ်ခွဲသားစက်ရုံ တည်ဆောက်ဆောင်ရွက်ခွင့်ပြုပါရန် မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ လျှောက်ထားလွှာတင်ပြလာခြင်းနှင့်ပတ်သက်၍ သဘောထားမှတ်ချက်အား ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့ နောက်ဆုံးထားပြန်ကြားပေးနိုင်ပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းအကြောင်းကြားလာပါသည်။

၂။ Diamond Parawood Co.,Ltd သည် မွန်ပြည်နယ်၊ သစ်တောဦးစီးဌာနတွင် သစ်တောဥပဒေပုဒ်မ-၃၀၊ နည်းဥပဒေ-၈၉(က)အရ သစ်အခြေခံအသုံးပြုသည့်စက်ရုံတည်ထောင်ရန်အတွက် လျှောက်ထားမှု မရှိသေးပါကြောင်း အကြောင်းပြန်ကြားအပ်ပါသည်။

၃၀/၈/၁၈
(မင်းသိန်းမြင့်)
ညွှန်ကြားရေးမှူး

မိတ္တူကို
လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ မော်လမြိုင်-သထုံခရိုင်
မြို့နယ်ဦးစီးဌာနမှူး၊ သစ်တောဦးစီးဌာန၊ သံဖြူဇရပ်မြို့နယ်
Diamond Parawood Co.,Ltd
မျှောစာတွဲ
ရုံးလက်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်နယ်အစိုးရအဖွဲ့
မွန်ပြည်နယ်

စာအမှတ်၊ ၂၀၀ / ၄- ၃/ အဖရ(မွန်)(၀၂၉၈)
ရက်စွဲ၊၂၀၁၈ခုနှစ်၊အောက်တိုဘာလ ၁၆ ရက်

သို့

✓အတွင်းရေးမှူး
မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ

အုပ်ချုပ်ရေးမှူး
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (မော်လမြိုင်/ သထုံ)

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

Diamond Parawood Co.,Ltd မှ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(O.S.S-9)၊ ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် (၁၈၂၁)၊ မြေဧရိယာ(၂၀.၀၁)ဧကအနက် (၉.၄၆)ဧကတွင် ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရော်ဘာသစ်ခွဲသားထုတ်လုပ်ပြီး ရာနှုန်းပြည့် ပြည်ပသို့တင်ပို့နိုင်ရန်အတွက် ရော်ဘာခွဲသားစက်ရုံတည်ဆောက်ဆောင်ရွက်ခွင့်ပြုပါရန် မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ သဘောထားမှတ်ချက်တောင်းခံလာခြင်းကိစ္စနှင့်ပတ်သက်၍ (၅-၁၀-၂၀၁၈) ရက်နေ့တွင် ကျင်းပပြုလုပ်သော မွန်ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၃၉/၂၀၁၈)၊ ဆုံးဖြတ်ချက် အပိုဒ်(၄၆)အရ ကန့်ကွက်ရန်မရှိကြောင်းနှင့် လည်ပတ်လျက်ရှိနေသည့်သစ်ခွဲသားစက်ရုံ အရေအတွက် အား ပြုစု၍ တင်ပြသွားရန် အကြောင်းကြားပါသည်။

ဝန်ကြီးချုပ်(ကိုယ်စား)
(မြင့်သန်းဝင်း၊ ညွှန်ကြားရေးမှူး)

မိတ္တူကို

စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး
လှည့်လည်စာတွဲ
ရုံးလက်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

☎ ၀၁ ၆၅၈၁၂၇

🖷 ၀၁ ၆၅၈၁၃၆

စာအမှတ်၊ မရက-၂ / အထွေထွေ/ ၂၀၁၈(၅၁၈)

ရက်စွဲ၊ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်

သို့

မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ

အကြောင်းအရာ။ **Diamond Parawood Co.,Ltd.မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရာဘာသစ်ခွဲသားများ ထုတ်လုပ်၍ ပြည်ပသို့ ရာခိုင်နှုန်းပြည့် တင်ပို့သည့် လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုလျှောက်ထားလွှာ တင်ပြလာခြင်းကိစ္စ**

ရည်ညွှန်းချက်။ မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ၆-၁၁-၂၀၁၈ ရက်စွဲပါစာအမှတ် မရက/၁/ နဝ/၂၀၁၈(၀၄၈)

၁။ Diamond Parawood Co.,Ltd.မှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်-O.S.S.9၊ ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် (၁၈၂၁)ရှိ မြေ (၂၀.၀၈) ဧကအနက်(၉.၄၆)ဧကတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရာဘာသစ်ခွဲသားများထုတ်လုပ်၍ ပြည်ပသို့ ရာခိုင်နှုန်းပြည့်တင်ပို့သည့်လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအား မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလျှောက်ထားလွှာနှင့် ပတ်သက်ပြီး သိရှိညွှန်ကြားပေးနိုင်ပါရန် ရည်ညွှန်းပါစာဖြင့် တင်ပြလာခြင်း ဖြစ်ပါသည်။

၂။ ကုမ္ပဏီမှ တင်ပြလာသော အတည်ပြုလျှောက်ထားလွှာပါလုပ်ငန်းမှာ ရာဘာပင်အိုမှ ရရှိသည့် ရာဘာသစ်ကုန်ကြမ်းများကို အသုံးပြုသည့် သစ်အခြေခံ စက်မှုလုပ်ငန်းဖြစ်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ခွင့်ပြုနိုင်သည့်လုပ်ငန်းဖြစ်ကြောင်း ပြန်ကြားအပ်ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)

(အောင်နိုင်ဦး၊ အတွင်းရေးမှူး)

မိတ္တူကို

မွန်ပြည်နယ်ဦးစီးမှူးရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ရုံးလက်ခံ/မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ

ရာဘာသစ်ခွဲသားများ ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက်

ရင်းနှီးမြှုပ်နှံလိုသူ၏

လုပ်ငန်းအဆိုပြုချက်

"ဒိုင်းမွန်း ပါရာဂုဒ် ကုမ္ပဏီ လီမိတက်"

INVESTMENT PROPOSAL

FOR

MANUFACTURING OF RUBBER WOOD SAWN TIMBER

UNDER MYANMAR INVESTMENT LAW

IN

THE REPUBLIC OF THE UNION OF MYANMAR

"DIAMOND PARAWOOD COMPANY LIMITED"

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ
၁။	ပုံစံ (၄-ခ) (မူရင်း)
၂။	ပုံစံ (၇-ခ) (မူရင်း)
၃။	မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ အတည်ပြုလျှောက်ထားလွှာ ပေးပို့တင်ပြခြင်း။ (မူရင်း)
၄။	ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်မည့် လုပ်ငန်းအကျဉ်းအား ရှင်းလင်းတင်ပြခြင်း။ (မူရင်း)
၅။	လုပ်သားများ၏ လူမှုဖူလုံရေး၊ သက်သာချောင်ချိမှုဆောင်ရွက်မည့် အစီအမံများ။ (မူရင်း)
၆။	ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းပြုလုပ်မည့် အစီအမံများ။ (မူရင်း)
၇။	ဝန်ခံကတိပြုချက်များ။ (မူရင်း)
၈။	ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (နောက်ဆက်တွဲဇယား - ၁)
၉။	ဒါရိုက်တာများစာရင်း (နောက်ဆက်တွဲဇယား - ၂)
၁၀။	နှစ်စဉ် လောင်စာဆီ လိုအပ်ချက် (နောက်ဆက်တွဲဇယား - ၃)
၁၁။	ထုတ်လုပ်မှုပမာဏနှင့်ဝင်ငွေ (နောက်ဆက်တွဲဇယား - (၄) မှ (၄ က))
၁၂။	ဝယ်ယူရန်ရှိသော စက်ပစ္စည်းများစာရင်း (နောက်ဆက်တွဲဇယား - ၅)
၁၃။	ဝယ်ယူရန်ရှိသော မော်တော်ကားများစာရင်း (နောက်ဆက်တွဲဇယား - ၆)
၁၄။	နှစ်စဉ် ကုန်ကြမ်း လိုအပ်ချက် (နောက်ဆက်တွဲဇယား - (၇) မှ (၇-က))
၁၅။	လိုအပ်သော ပြည်တွင်းပြည်ပဝန်ထမ်းအင်အား နှင့် လစာ (နောက်ဆက်တွဲဇယား - (၈) မှ (၈ က))
၁၆။	အရှုံးအမြတ်စာရင်း (နောက်ဆက်တွဲဇယား - (၉) မှ (၉ ဃ))
၁၇။	အရင်းကြေကာလတွက်ချက်မှု (နောက်ဆက်တွဲဇယား - (၁၀) မှ (၁၀ ခ))
၁၈။	ရင်းနှီးမြှုပ်နှံမှုပေါ်မှ ရရှိလာမည့် အကျိုးအမြတ် နှင့် အသားတင်တန်ဖိုး တင်ပြချက် (နောက်ဆက်တွဲဇယား - ၁၁)
၁၉။	လုပ်ငန်းလည်ပတ်ရန် လိုအပ်သော ရင်းနှီးမြှုပ်နှံမှု နှင့် ငွေသားစီးဆင်းမှုအခြေအနေ
၂၀။	နိုင်ငံတော်အားထည့်ဝင်မည့် အခွန်ပြဇယား
၂၁။	ပြည်တွင်းမှ ဝယ်ယူရန်ရှိသော စက်ပစ္စည်းများစာရင်း (Attachment - 1)
၂၂။	ပြည်တွင်းမှ ဝယ်ယူရန်ရှိသော မော်တော်ကားများစာရင်း (Attachment - 2)
၂၃။	ပြည်တွင်းမှ ဝယ်ယူရန်ရှိသော ပရိဘောဂပစ္စည်းများစာရင်း (Attachment - 3)

၂၄။ မြေဌားရမ်းခြင်းအတွက်စာချုပ် (မူကြမ်း)

၂၅။ ဌားရမ်းသောမြေနှင့်စပ်လျဉ်းသော စာရွက်စာတမ်းများ။ (မိတ္တူ)

၂၆။ ဌားရမ်းသောမြေ၏တည်နေရာပြ Google Map

၂၇။ လုပ်ငန်းလုပ်ကိုင်မည့် မြေနေရာ၏ မြေပုံ

၂၈။ စက်ရုံအဆောက်အအုံ ဆောက်လုပ်ခြင်းအတွက် သက်ဆိုင်ရာစာရွက်စာတမ်းများ။ (မိတ္တူ)

၂၉။ ထုတ်လုပ်မည့်ပစ္စည်း နမူနာများ။

၃၀။ Production Step by Step

၃၁။ နိုင်ငံကူးလက်မှတ်များ (မိတ္တူ)

၃၂။ Diamond Parawood Co., Ltd. ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

၃၃။ Diamond Parawood Co., Ltd. ၏ Company Profile

၃၄။ Diamond Parawood Co., Ltd. ၏ Credit Advice (KBZ Bank) (မိတ္တူ)

ပုံစံ (၄ - ခ)

အတည်ပြုလျှောက်ထားလွှာ

သို့

ဥက္ကဋ္ဌ

.... တိုင်းဒေသကြီး / ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ

စာအမှတ် ၊

ရက်စွဲ ၂၀ ခုနှစ်၊ လ ရက်

ကျွန်တော်/ကျွန်မသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၃၇ နှင့်အညီ အောက်ဖော်ပြပါ အချက်များအား ဖြည့်စွက်၍ အတည်ပြုလျှောက်ထားလွှာကို တင်ပြလျှောက်ထားအပ်ပါသည်-

၁။ ရင်းနှီးမြှုပ်နှံသူ၏

(က) အမည် ....

(ခ) ကုမ္ပဏီမှတ်ပုံတင်အမှတ် သို့မဟုတ် ....
ရင်းနှီးမြှုပ်နှံသူ၏ နိုင်ငံသားစိစစ်ရေးကဒ် ....
အမှတ်/နိုင်ငံကူးလက်မှတ်အမှတ် ....

(ဂ) နိုင်ငံသား ....

(ဃ) နေရပ်လိပ်စာ/ မှတ်ပုံတင်ထားသည့်ကုမ္ပဏီလိပ်စာ ....
....

(င) တယ်လီဖုန်း /ဖက်စ် / အီးမေးလ်လိပ်စာ ....

(စ) လုပ်ငန်းအမျိုးအစား(အသေးစိတ်ဖော်ပြပေးရန်) ....

မှတ်ချက်။ အောက်ပါအချက်များကိုပူးတွဲတင်ပြရန်-

(၁) ကုမ္ပဏီမှတ်ပုံတင်အထောက်အထားမိတ္တူ။

(၂) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ။နှင့်နိုင်ငံကူးလက်မှတ်မိတ္တူ။

၂။ ရင်းနှီးမြှုပ်နှံသူကိုယ်တိုင် လျှောက်ထားခြင်းမဟုတ်ပါက လျှောက်ထားသူ၏ -

(က) အမည် ....

(ခ) ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည် ....
(လျှောက်ထားသူသည် စီးပွားရေးအဖွဲ့အစည်းဖြစ်ပါက)

(ဂ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်/နိုင်ငံကူးလက်မှတ်အမှတ် ....

(ဃ) နိုင်ငံသား ....

(င) မြန်မာနိုင်ငံတွင်နေထိုင်သည့်နေရပ်လိပ်စာ ....
....

ပုံစံ (၄ - ခ)

အတည်ပြုလျှောက်ထားလွှာ

သို့

ဥက္ကဋ္ဌ

မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ

စာအမှတ် ၊ DMP / 4B / MON-MIC / 2018

ရက်စွဲ ၊ ၂၇-၈-၂၀၁၈။

ကျွန်တော်/ကျွန်မသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၃၇ နှင့်အညီ အောက်ဖော်ပြပါအချက်များအား ဖြည့်စွက်၍ အတည်ပြုလျှောက်ထားလွှာကို တင်ပြလျှောက်ထားအပ်ပါသည်-

၁။ ရင်းနှီးမြှုပ်နှံသူ၏

(က) အမည် - Mr. Teetat Ruangchayajatuporn

(ခ) ကုမ္ပဏီမှတ်ပုံတင်အမှတ် သို့မဟုတ် ....

ရင်းနှီးမြှုပ်နှံသူ၏နိုင်ငံသားစိစစ်ရေးကဒ် ....
အမှတ်/**နိုင်ငံကူးလက်မှတ်အမှတ်** - **AA5036877**

(ဂ) နိုင်ငံသား - Thai

(ဃ) **နေရပ်လိပ်စာ**/မှတ်ပုံတင်ထားသည့်ကုမ္ပဏီလိပ်စာ - **No.12, Chalermprakiat – Rama 9, Soi 55/1, Prawet, Prawet, Bangkok, Thailand.**

(င) တယ်လီဖုန်း /ဖက်စ် /**အီးမေးလ်လိပ်စာ** - **menn66@gmail.com**

(စ) လုပ်ငန်းအမျိုးအစား (အသေးစိတ်ဖော်ပြပေးရန်) - **ရာဘာသစ်ခွဲသားများထုတ်လုပ်ခြင်းလုပ်ငန်း**

မှတ်ချက်။ အောက်ပါအချက်များကိုပူးတွဲတင်ပြရန်-

(၁) ကုမ္ပဏီမှတ်ပုံတင်အထောက်အထားမိတ္တူ၊

(၂) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊နှင့်နိုင်ငံကူးလက်မှတ်မိတ္တူ၊

၂။ ရင်းနှီးမြှုပ်နှံသူကိုယ်တိုင် လျှောက်ထားခြင်းမဟုတ်ပါက လျှောက်ထားသူ၏ - **ရင်းနှီးမြှုပ်နှံသူကိုယ်တိုင် လျှောက်ထားခြင်း** ဖြစ်ပါသည်။

(က) အမည် ....

(ခ) ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည် ....

(လျှောက်ထားသူသည် စီးပွားရေးအဖွဲ့အစည်းဖြစ်ပါက)

(ဂ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် / နိုင်ငံကူးလက်မှတ်အမှတ် ....

(ဃ) နိုင်ငံသား ....

(င) မြန်မာနိုင်ငံတွင်နေထိုင်သည့်နေရပ်လိပ်စာ ....

(စ) တယ်လီဖုန်း / ဖက်စ် ....

(ဆ) အီးမေးလ်လိပ်စာ ....

မှတ်ချက်။ တရားဝင်ကိုယ်စားလှယ်လွှဲစာပူးတွဲတင်ပြရန်

၃။ ဖွဲ့စည်းမည့် စီးပွားရေးအဖွဲ့အစည်းပုံသဏ္ဌာန်

☒ ရာနိုင်နှုန်းပြည့် ☐ ဖက်စပ်ပြုလုပ်ခြင်း (ဖက်စပ်စာချုပ်မူကြမ်းတင်ပြရန်)

☐ အခြားသဘောတူညီချက်ပုံစံ တစ်မျိုးမျိုးဖြင့်ဆောင်ရွက်ခြင်း (စာချုပ်မူကြမ်းတင်ပြရန်)

မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူ၏ အစုရှယ်ယာပိုင်ဆိုင်မှုအချိုး .... %

အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ အစုရှယ်ယာပိုင်ဆိုင်မှုအချိုး .... %

နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူ၏ အစုရှယ်ယာပိုင်ဆိုင်မှုအချိုး - ၁၀၀ %

၄။ အစုရှယ်ယာ ၁၀% နှုန်းနှင့် အထက်ပိုင်ဆိုင်သောအစုရှယ်ယာရှင်များစာရင်း

စဉ်	အစုရှယ်ယာရှင်အမည်	နိုင်ငံသား	အစုရှယ်ယာပိုင်ဆိုင်မှု%
	လိုအပ်သော အချက်အလက်များအား Annexure No. (II) တွင်ဖော်ပြထားပါသည်။		

၅။ ကုမ္ပဏီဖွဲ့စည်းခြင်းနှင့် သက်ဆိုင်သောအချက်အလက်များ

(က) ခွင့်ပြုမတည်ငွေရင်း - **အမေရိကန်ဒေါ်လာ ၈,၀၀၀,၀၀၀.၀၀**

(ခ) အစုရှယ်ယာအမျိုးအစား - **သာမန်အစုရှယ်ယာ**

(ဂ) အစုရှယ်ယာဝင်များကထည့်ဝင်မည့်အစုရှယ်ယာပမာဏ - **အမေရိကန်ဒေါ်လာ တစ် တိတိ တန်**

အစုရှယ်ယာပေါင်း ၈,၀၀၀,၀၀၀

မှတ်ချက်။ သင်းဖွဲ့မှတ်တမ်း/သင်းဖွဲ့စည်းမျဉ်း သို့မဟုတ် ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ပူးတွဲတင်ပြရန်

၆။ မတည်ငွေရင်းနှင့်သက်ဆိုင်သောအချက်အလက်များ-

	ကျပ်/ US$ (သန်းပေါင်း)
(က) ပြည်တွင်းမှထည့်ဝင်မည့်မတည်ငွေရင်း ပမာဏ/ ရာခိုင်နှုန်း	....
(ခ) နိုင်ငံခြားမှယူဆောင်လာသည့်မတည်ငွေရင်း ပမာဏ/ ရာခိုင်နှုန်း	US $ ၂.၈၈ (၁၀၀ %)
စုစုပေါင်း	**US $ ၂.၈၈ (၁၀၀ %)**

ရှင်းလင်းချက် ။ ။ အဆိုပြုလုပ်ငန်းအတွက် ပြည်တွင်းတွင် ဝယ်ယူရရှိနိုင်သော လိုအပ်သည့် စက် နှင့် ပစ္စည်း ကိရိယာများ နှင့် မော်တော်ကားများ၊ ပရိဘောဂများ နှင့် လိုအပ်သော တည်ဆောက်မှု ကုန်ကျစရိတ်များအား ရင်းနှီးမြှုပ်နှံမည့်ငွေသားမှ သုံးစွဲသွားမည်ဖြစ်ပါသည်။ ကျန်ရှိသော စက် နှင့် ပစ္စည်းကိရိယာများ နှင့် မော်တော်ကားများအား နိုင်ငံခြားမှ ပစ္စည်းအားဖြင့် ရင်းနှီးမြှုပ်နှံမှု အနေဖြင့် တင်သွင်းကာ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အား Annexure No.(I) တွင် ပူးတွဲဖော်ပြထားပါသည်။

၇။ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့်သက်တမ်း - ကနဦး (၅၀) နှစ် နှင့် တစ်ဆက်တည်း သက်တမ်းတိုးခွင့် (၁၀) နှစ် နှစ်ကြိမ်

၈။ ဆောင်ရွက်မည့်စီးပွားရေးအဖွဲ့ အစည်းနှင့်သက်ဆိုင်သောအချက်အလက်များ -

(က) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်ဒေသ (များ)/ တည်နေရာ - ဦးပိုင်အမှတ် (၁၈၂၁)၊ ကွင်းအမည် (ကြေးတိုင်မြင်ကွင်း) ၊ကွင်းအမှတ် (O.S.S – 9)၊ စခန်းကြီးကျေးရွာအုပ်စု ၊ သံဖြူဇရပ်မြို့နယ် ၊ မော်လမြိုင်ခရိုင် ၊ မွန်ပြည်နယ် ။

(ခ) ရင်းနှီးမြှုပ်နှံမှုတန်ဖိုး/ ပမာဏ - အမေရိကန်ဒေါ်လာ ၂,၈၈၀,၀၀၀ .၀၀

၉။ သက်ဆိုင်ရာအဖွဲ့ အစည်းများ၏ ခွင့်ပြုချက်၊ လိုင်စင်၊ ပါမစ်စသည်တို့ ရရှိပြီးပါက ပူးတွဲတင်ပြရန်။

၁၀။ လုပ်ငန်းစတင်ဆောင်ရွက်နေခြင်း ☐ ရှိ ၊ ☒ မရှိ

ရှိပါကလုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ဖော်ပြပေးရန်

....

....

၁၁။ အတည်ပြုလျှောက်ထားလွှာနှင့်အတူ အောက်ဖော်ပြပါ လျှောက်ထားလွှာများကို တင်ပြလျှောက်ထားခြင်း ရှိ/မရှိ ဖော်ပြရန်။

☒ မြေအသုံးပြုခွင့်လျှောက်ထားလွှာ

☒ အခွန်ကင်းလွတ်ခွင့်သို့မဟုတ် သက်သာခွင့်လျှောက်ထားလွှာ

လျှောက်ထားသူလက်မှတ် ....

အမည် - Mr.TEETAT RUANGCHAYAJATUPORN

ရာထူး - **အဆိုပြုဒါရိုက်တာ**

ဌာန/ကုမ္ပဏီတံဆိပ် - **DIAMOND PARAWOOD CO., LTD.**

ကတိဝန်ခံချက်

အထက်ဖော်ပြပါ လျှောက်ထားသူမှပေးအပ်သည့် အချက်အလက်များအားလုံးသည် မှန်ကန်မှုရှိပါကြောင်း အာမခံပါသည်။

ဤအတည်ပြုလျှောက်ထားလွှာတွင် အတည်ပြုမိန့် ထုတ်ပေးရန်အတွက် ကော်မရှင်မှ စိစစ်ရာ၌ လိုအပ်သည့် အချက်အလက်များကို လျှောက်ထားသူကပေးအပ်ရန် ပျက်ကွက်ပါက အတည်ပြုလျှောက်ထားလွှာကို ငြင်းပယ်ခြင်း သို့မဟုတ် စိစစ်ရာ၌ မလိုလားအပ်သည့် နှောင့်နှေးကြန့်ကြာခြင်းတို့ဖြစ်ပေါ်နိုင်ကြောင်း ကောင်းစွာ သဘောပေါက် နားလည်ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ချမှတ်မည့် စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

လျှောက်ထားသူလက်မှတ် ....

အမည် - **Mr.TEETAT RUANGCHAYAJATUPORN**

ရာထူး - **အဆိုပြုဒါရိုက်တာ**

ဌာန/ကုမ္ပဏီတံဆိပ် - **DIAMOND PARAWOOD CO., LTD.**

Form (4 - B)

Endorsement Application Form

To,

Chairman

----------------Region/State Investment Committee

Reference No.

Date.

I do apply for the endorsement in accordance with the Section 37 of the Myanmar Investment Law by furnishing the following particulars:

1. The Investor's :-
   - (a) Name ....
   - (b) Company Registration No/ ID No/ National Registration Card No /Passport ....
   - (c) Citizenship ....
   - (d) Address/ Address of Registered Office ....
   - (e) Phone /Fax / E -mail: ....
   - (f) Type of Business(to describe in detail) ....

   Note:The following documents need to be attached according to the above paragraph (1) :-
   - (1) Company Registration Certificate (copy);
   - (2) ID No/ National Registration Card (copy) and Passport (copy);

2. If the investor don't apply for endorsement by himself / herself, the applicant;
   - (a) Name..
   - (b) Name of contact person .... (if applicant is business organization)

   Note: describe with attachment of letter of legal representative
   - (c) ID No./ National Registration Card No./Passport No. ....
   - (d) Citizenship ....
   - (e) Address in Myanmar :..
   - (f) Phone / Fax : ....
   - (g) E-mail : ....

Form (4-B)

Endorsement Application Form

To,

Chairman

Mon State Investment Committee

Reference No. DMP / 4B / MON-MIC / 2018
Date. 27-8-2018

I do apply for the endorsement in accordance with the Section 37 of the Myanmar Investment Law by furnishing the following particulars:

1. The Investor's :-

(a) Name - **Mr. Teetat Ruangchayajatuporn**

(b) Company Registration No/ ID No/ ....

National Registration Card No/ **Passport** - **AA5036877**

(c) Citizenship - **Thai**

(d) **Address** / Address of Registered Office - **No.12, Chalermprakiat-Rama 9, Soi 55/1, Prawet, Prawet, Bangkok, Thailand.**

(e) Phone/ Fax/ **E-mail:** - **menn66@gmail.com**

(f) Type of Business (to describe in detail) - **Manufacturing of Rubber Woods Sawn Timber**

Note: The following documents need to be attached according to the above paragraph (1) :-

(1) Company Registration Certificate (copy);

(2) ID No./ National Registration Card (copy) and Passport (copy);

2. If the investor don't apply for endorsement by himself / herself, the applicant; - **Self Apply**

(a) Name ....

(b) Name of contact person ....

(if applicant is business organization)

Note: describe with attachment of letter of legal representative

(c) ID No./ National Registration Card No./ Passport No. ....

(d) Citizenship ....

(e) Address in Myanmar : ....

(f) Phone / Fax : ....

(g) E-mail : ....

3. Type of business organization to be formed:-

☒ One Hundred Percent ☐ Joint Venture (To attach the draft JV agreement)

☐ Type of Contractual Basis (To attach draft contract/agreement)

Share Ratio (Local) ....%........................

Share Ratio (Government Department/Organization) ....%........................

Share Ratio (Foreigner) - **100%**

4. List of Shareholders Owned 10% of the Shares and Above

No.	Name of Shareholder	Citizenship	Share Percentage
	Please see Annexure No. (II)		

5. Particulars of Paid-up Capital of the Investment

(a) Authorized Capital - **US$ 8,000,000**

(b) Type of Share - **Ordinary Share**

(c) Number of Shares - **8,000,000 shares of US $ 1.00 per one share**

Note: Memorandum of Association and Articles of Association of the Company shall be submitted with regard to above paragraph 5.

6. Particulars of Paid-up Capital of the Investment

		Kyat/US$ (Million)
(a)	Amount/Percentage of local capital to be contributed	....
(b)	Amount/Percentage of foreign capital to be brought in	**US $ 2.88 (100%)**
	Total	**US $ 2.88 (100%)**

Remark: We will buy some machinery & equipments and some motor vehicles which are possible to by in Myanmar and required furniture and fixture in local market. So, we will use cash investment for buying of them and also the cost for construction. The rest of machinery & equipments and motor vehicles will be imported as in kind investment. Please see Annexure No. (I) for investment structure.

7. Proposed Duration of Investment – **Initial (50) years and extendable (10) years (2) times**

8. Particulars of the Investment Project-

(a) Investment location(s)/place(s) – **Oo Paing No. (1821), Kwin Name (Kyay Taing Pyin Kwin), Kwin No. (O.S.S-9), Sakhangyi Village Tract, Thanphyuzayat Township, Mawlamyaing District, Mon State, the Republic of the Union of Myanmar.**

(b) Amount of Investment – **US $ 2,880,000.00**

9. The license, Permit, Permission, and etc; of the relevant organizations shall be attached if they are received.

10. Commencement of Business ☐ Yes ☒ No

If it is commenced, describe the performance of business activities;

....

11. Describe whether other applications are being submitted together with the Endorsement Form or not:

☒ Land Rights Authorization Application

☒ Tax Incentive Application

Signature of the applicant ....

Name - **Mr. TEETAT RUANGCHAYAJATUPORN**

Title - **Proposed Director**

Department/Company – **DIAMOND PARAWOOD CO., LTD.**

(Seal/Stamp)

Undertaking

I/ We hereby declare that the above statements are true and correct to the best of my/our knowledge and belief.

I/ We fully understand that endorsement application may be denied or unnecessarily delayed if applicant fails to provide required information to access by Commission for issuance of endorsement.

I/ We hereby declare to strictly comply with terms and conditions set out by the Myanmar Investment Commission.

Signature of the applicant ....

Name - **Mr. TEETAT RUANGCHAYAJATUPORN**

Title - **Proposed Director**

Department/Company – **DIAMOND PARAWOOD CO., LTD.**

(Seal/Stamp)

ပုံစံ (၇ - ခ)

မြေအသုံးပြုခွင့်လျှောက်ထားလွှာ

သို့

ဥက္ကဋ္ဌ

------------------တိုင်းဒေသကြီး/ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ

စာအမှတ်၊

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်ရန် မြေငှားရမ်းခွင့် သို့မဟုတ် မြေအသုံးပြုခွင့် လျှောက်ထားခြင်း။

ကျွန်တော်/ကျွန်မသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆောင်ရွက်ရန်အတွက် မြေငှားရမ်းခွင့် သို့မဟုတ် မြေအသုံးပြုခွင့်ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၁၆ နှင့်အညီ အောက်ပါ အချက်အလက်များကို ဖော်ပြ၍ လျှောက်ထားအပ်ပါသည်-

၁။ မြေ/ အဆောက်အအုံ၏ပိုင်ရှင်နှင့်စပ်လျဉ်းသောအချက်အလက်များ

(က) ပိုင်ရှင်အမည်/အဖွဲ့အစည်း --

(ခ) ဧရိယာအကျယ်အဝန်း --

(ဂ) တည်နေရာ--

(ဃ) မူလမြေအသုံးပြုခွင့်ရရှိထားသောကာလ(မြေငှားဂရမ်သက်တမ်း)------------------

(င) နှစ်ရှည်ငှားရမ်းခများကိုမတည်ရင်းနှီးငွေအဖြစ်ဖော်ပြခဲ့ခြင်းရှိ-မရှိ------------------

(စ) ကနဦးငှားရမ်းသူကသဘောတူ/မတူ --

(ဆ) မြေအမျိုးအစား --

၂။ အငှားချထားသူ

(က) အမည်/ကုမ္ပဏီအမည်/ဌာန/အဖွဲ့အစည်း ------------------------------------

(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ------------------------------------

(ဂ) နေရပ်လိပ်စာ --

မြေအသုံးပြုခွင့်လျှောက်ထားလွှာ

သို့

ဥက္ကဋ္ဌ

မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ

စာအမှတ် ၊ DMP / 4B / Mon-MIC / 2018

ရက်စွဲ ၊ ၂၇-၈-၂၀၁၈။

အကြောင်းအရာ။ **ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်ရန် မြေငှားရမ်းခွင့် သို့မဟုတ် မြေအသုံးပြုခွင့် လျှောက်ထားခြင်း။**

ကျွန်တော်/ကျွန်မသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆောင်ရွက်ရန်အတွက် မြေငှားရမ်းခွင့် သို့မဟုတ် မြေအသုံးပြုခွင့်ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၁၆ နှင့်အညီ အောက်ပါအချက်အလက်များကို ဖော်ပြ၍ လျှောက်ထားအပ်ပါသည် -

၁။ မြေ/အဆောက်အအုံ၏ ပိုင်ရှင်နှင့် စပ်လျဉ်းသော အချက်အလက်များ

(က) ပိုင်ရှင်အမည်/အဖွဲ့အစည်း - ဦးမိုးမြင့်ကျော်

(ခ) ဧရိယာအကျယ်အဝန်း - ၉.၄၆ ဧက

(ဂ) တည်နေရာ - ဦးပိုင်အမှတ် (၁၈၂၁) ၊ ကွင်းအမည် (ကြေးတိုင်ပြင်ကွင်း) ၊ ကွင်းအမှတ် (O.S.S – 9) ၊ ခနန်းကြီးကျေးရွာအုပ်စု ၊ သံဖြူဇရပ်မြို့နယ် ၊ မော်လမြိုင်ခရိုင် ၊ မွန်ပြည်နယ် ။

(ဃ) မူလမြေအသုံးပြုခွင့်ရရှိထားသောကာလ (မြေငှားဂရမ်သက်တမ်း)- လယ်ယာမြေအား အခြားနည်းအသုံးပြုခွင့် လျှောက်ထားဆဲ

(င) နှစ်ရှည်ငှားရမ်းခများကို မတည်ရင်းနှီးငွေအဖြစ်ဖော်ပြခဲ့ခြင်းရှိ-မရှိ- မရှိ

(စ) ကနဦးငှားရမ်းသူကသသောတူ/မတူ - -

(ဆ) မြေအမျိုးအစား - လယ်ယာမြေအား အခြားနည်း အသုံးပြုခွင့် လျှောက်ထားဆဲ

၂။ အငှားချထားသူ

(က) အမည်/ကုမ္ပဏီအမည်/ဌာန/အဖွဲ့အစည်း - ဦးမိုးမြင့်ကျော်

(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် - ၁၂/ ဗတထ (နိုင်) ၀၈၅၃၁၅

(ဂ) နေရပ်လိပ်စာ - အမှတ် (၁၄) ၊ သုစိတာလမ်း ၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန် ရန်ကုန်တိုင်းဒေသကြီး ။

၃။ အငှားချထားခြင်းခံရသူ

(က) အမည်/ကုမ္ပဏီအမည်/ဌာန/အဖွဲ့အစည်း - ဒိုင်းမွန်းပါရာဝုဒ် ကုမ္ပဏီ လီမိတက်

(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်/ - ကုမ္ပဏီမှတ်ပုံတင် (ယာယီ) ရရှိပြီးဖြစ်ပါသည်။

နိုင်ငံကူးလက်မှတ်အမှတ်

(ဂ) နိုင်ငံသား - -

(ဃ) နေရပ်လိပ်စာ - ဦးပိုင်အမှတ် (၁၈၂၁)၊ ကွင်းအမည် (ကြေးတိုင်ပြင်ကွင်း)၊ ကွင်းအမှတ် (O.S.S – 9)၊ စခန်းကြီးကျေးရွာအုပ်စု၊ သံဖြူဇရပ်မြို့နယ်၊ မော်လမြိုင်ခရိုင်၊ မွန်ပြည်နယ်။

၄။ ငှားရမ်းလိုသည့်မြေနှင့်စပ်လျဉ်းသည့်အချက်အလက်များ

(က) ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား - ရာဘာသစ်ခွဲသားများ ထုတ်လုပ်ခြင်းလုပ်ငန်း

(ခ) ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ)၊- မွန်ပြည်နယ်

(ဂ) တည်နေရာ (ရပ်ကွက်၊ မြို့နယ်၊ ပြည်နယ်/တိုင်းဒေသကြီး)- ဦးပိုင်အမှတ် (၁၈၂၁)၊ ကွင်းအမည် (ကြေးတိုင်ပြင်ကွင်း)၊ ကွင်းအမှတ် (O.S.S – 9)၊ စခန်းကြီးကျေးရွာအုပ်စု၊ သံဖြူဇရပ်မြို့နယ်၊ မော်လမြိုင်ခရိုင်၊ မွန်ပြည်နယ်။

(ဃ) မြေဧရိယာအကျယ်အဝန်း - ၉.၄၆ ဧက

(င) အဆောက်အအုံအရွယ်အစား/အရေအတွက် -

၁။ Factory Building (60M x 140M) (၁ ထပ်) (၁ လုံး)
၂။ Dormitory Building (15M x 80M) (၁ ထပ်) (၁ လုံး)
၃။ Generator House (6M x 12M) (၁ ထပ်) (၁ လုံး)
၄။ Store House (5M x 15M) (၁ ထပ်) (၁ လုံး)
၅။ Office Building (12M x 20M) (၂ ထပ်) (၁ လုံး)
၆။ Gate House (3M x 5M) (၁ ထပ်) (၁ လုံး)

(စ) အဆောက်အအုံတန်ဖိုး - အမေရိကန်ဒေါ်လာ ၈၅၄,၂၀၉.၇၈ (ခန့်မှန်း)

၅။ မြေပိုင်ဆိုင်မှု/မြေငှားရန်အထောက်အထား (စက်မှုဇုန်မှ အပ)၊ မြေပုံနှင့် မြေငှားစာချုပ် (မူကြမ်း) တင်ပြရန် အဆိုပြုချက်တွင် ပူးတွဲတင်ပြထားပါသည်။

၆။ မြေငှားရမ်းခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါပုဂ္ဂိုလ်ထံမှ တစ်ဆင့်ငှားရမ်းထားခြင်း ရှိ-မရှိ-

- **မြေငှားရမ်းနှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါ ပုဂ္ဂိုလ်ထံမှ တစ်ဆင့်ငှားရမ်းထားခြင်းမရှိပါ။**

☐ နိုင်ငံတော်၏ဥပဒေများနှင့်အညီအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံမှ နိုင်ငံတော်ပိုင်မြေ သို့မဟုတ် အဆောက်အအုံအသုံးပြုခွင့်အား ယခင်ကပင် ရရှိထားသောပုဂ္ဂိုလ်၊

☐ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ခွင့်ပြုချက်နှင့်အညီ နိုင်ငံတော်ပိုင်မြေ သို့မဟုတ် အဆောက်အအုံအား တစ်ဆင့်ငှားယူရန် သို့မဟုတ် တစ်ဆင့်လိုင်စင်ရယူရန် အခွင့်ရှိသည့်ပုဂ္ဂိုလ်၊

၇။ မြေ/အဆောက်အအုံ ငှားရမ်းခနှုန်း (တစ်နှစ်လျှင်စတုရန်းမီတာအတွက်) –

(တစ်နှစ်) အမေရိကန်ဒေါ်လာ ၇,၅၀၀. ၀၀

(တစ်နှစ်တစ်စတုရန်းမီတာလျှင် အမေရိကန်ဒေါ်လာ ၀.၂၀)

၈။ မြေအသုံးချမှုပရီမီယံကြေး (Land Use Premium – LUP) (အစိုးရဌာန/အစိုးရအဖွဲ့အစည်းပိုင် မြေငှားရမ်းခြင်းဖြစ်ပါက အငှားချထားခြင်းခံရသူထံမှ ငွေသားဖြင့်တောင်းခံပါမည်။)

တစ်ကြေနှုန်း - **မသက်ဆိုင်ပါ။**

၉။ မူလမြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူမှ ငှားရမ်းရန်သဘောတူ/မတူ - **မသက်ဆိုင်ပါ။**

၁၀။ လျှောက်ထားသည့်မြေ သို့မဟုတ် အဆောက်အအုံ ငှားရမ်း/အသုံးပြုခွင့်သက်တမ်း - **ကနဦး (၅၀) နှစ် နှင့် တစ်ဆက်တည်း သက်တမ်းတိုးခွင့် (၁၀) နှစ် နှစ်ကြိမ်**

၁၁။ စက်မှုဇုန်၊ ဟိုတယ်ဇုန်၊ ကုန်သွယ်ရေးဇုန် အစရှိသည့် သက်ဆိုင်ရာလုပ်ငန်းဇုန်ဧရိယာ အတွင်းရှိမြေ ဟုတ်/မဟုတ် (ဇုန်ကိုဖော်ပြရန်) - **မဟုတ်ပါ။**

လျှောက်ထားသူလက်မှတ် ....

အမည် - **Mr.TEETAT RUANGCHAYAJATUPORN**

ရာထူး - **အဆိုပြုဒါရိုက်တာ**

ဌာန/ကုမ္ပဏီတံဆိပ် - **DIAMOND PARAWOOD CO., LTD.**

Form (7- B)

Application form for Land Rights Authorization

To,

Chairman

---------------------- Region/State Investment Committee

Reference No.

Date.

Subject: **Application for Land Lease or land Rights Authorization to be invested**

I do hereby apply with the following information for permit to lease the land or permit to use the land according to the Myanmar Investment Rules 116: -

1. Particulars relating to Owner of land / building
   - (a) Name of owner/organization --
   - (b) Area --
   - (c) Location ---
   - (d) Initial period permitted to use the land (Validity of land grant) -----------------
   - (e) Payment of long term lease as equity Yes ( ) No ( )
   - (f) Agreed by Original Lessor Yes ( ) No ( )
   - (g) Type of Land ---
2. Lessor
   - (a) Name / Company's name/ Department/ organization ---------------------------
   - (b) National Registration Card No --
   - (c) Address ---

     ----
3. Lessee
   - (a) Name / Company's name /Department/ Organization-------------------------------
   - (b) National Registration Card No /Passport No. ------------------------------
   - (c) Citizenship ---
   - (d) Address ---

     ----
4. Particulars of the proposed Land Lease
   - (a) Type of Investment --
   - (b) Investment Location(s) ---

Form (7-B)

Application form for Land Rights Authorization

To,

Chairman

Mon State Investment Committee

Reference No. DMP / 7B / MON-MIC / 2018

Date. 27-8-2018

Subject: **Application for Land Lease or Land Rights Authorization to be invested**

I do hereby apply with the following information for permit to lease the land or permit to use the land according to the Myanmar Investment Rules 116: -

1. Particulars relating to Owner of land / building

(a) Name of owner/organization - **U Moe Myint Kyaw**

(b) Area - **9.46 Acres**

(c) Location - **Oo Paing No. (1821), Kwin Name (Kyay Taing Pyin Kwin), Kwin No. (O.S.S-9), Sakhangyi Village Tract, Thanphyuzayat Township, Mawlamyaing District, Mon State, the Republic of the Union of Myanmar.**

(d) Initial period permitted to use the land (Validity of land grant)- **Industrial Land Application submission is ongoing process**

(e) Payment of long term lease as equity Yes ( ) No (✓)

(f) Agreed by Original Lessor Yes ( ) No ( )

(g) Type of Land - **Industrial Land Application submission is ongoing process**

2. Lessor

(a) Name/Company's name/Department/organization - **U Moe Myint Kyaw**

(b) National Registration Card No. - **12/Ba Ta Hta (Naing) 0053615**

(c) Address - **No. 14, Thukhitar Street, Dagon Seikkan Industrial Zone, Yangon Region, the Republic of the Union of Myanmar.**

3. Lessee

(a) Name/Company's name/Department/organization- **Diamond Parawood Co., Ltd.**

(b) National Registration Card No. - **Company Incorporation Certificate (Temporary) is received.**

(c) Citizenship - -

(d) Address - **Oo Paing No. (1821), Kwin Name (Kyay Taing Pyin Kwin), Kwin No. (O.S.S-9), Sakhangyi Village Tract, Thanphyuzayat Township, Mawlamyaing District, Mon State, the Republic of the Union of Myanmar.**

4. Particulars of the proposed Land Lease

(a) Type of Investment - **Manufacturing of Rubber Woods Sawn Timber**

(b) Investment Location(s) - **Mon State**

(c) Location (Ward, Township, State/Region) - **Oo Paing No. (1821), Kwin Name (Kyay Taing Pyin Kwin), Kwin No. (O.S.S-9), Sakhangyi Village Tract, Thanphyuzayat Township, Mawlamyaing District, Mon State, the Republic of the Union of Myanmar.**

(d) Area of Land - **9.46 Acres**

(e) Size and Number of Building (s) -

1. **Factory Building (60M x 140M) (1 storey) – (1)**
2. **Dormitory Building (15M x 80M) (1 storey) – (1)**
3. **Generator House (6M x 12M) (1 storey) – (1)**
4. **Store House (5M x 15M) (1 storey) – (1)**
5. **Office Building (12M x 20M) (2 storey) – (1)**
6. **Gate House (3M x 5M) (1 storey) – (1)**

(f) Value of Building - **US $ 854,209.78**

5. To enclose land ownership and Land Grant, ownership evidences (expect Industrial Zone), Land map and Land Lease Agreement (Draft) –

Land Lease Agreement is herein attached with Proposal.

6. Whether it is sub-leased from the following person in regarding to Land Lease or not-

Land leasing is not applicable with the following persons.

- ☐ Person who has the rights to use the land or Building of the Government from Government Department and Organization in accordance with the national laws.
- ☐ Authorized Person to get the Sub License or Sub Lease of the building or land owned by the Government in accordance with the permission of the Government department and organization.

7. Land / Building lease rate (per square meter per year) -

- US $ 7,500.00 for one year

- US $ 0.20 per square meter per year

8. Land Use Premium – (LUP) (If it is leased from the land belonged to Government Department / Organization, the LUP shall be paid in cash by the lessee.

Rate per Acre: **Not Applicable**

9. Whether it is agreed by original land lessor or land tenant not. **- Not Applicable**

10. Proposed land or building use/lease period **- Initial (50) years + Extendable (10) years two times**

11. Whether it is the land located in the relevant business zone area such as Industrial Zone, Hotel Zone, Trade Zone and etc or not (To describe Zone) **- Not locate**

Signature of the applicant ....

Name - **MR. TEETAT RUANGCHAYAJATUPORN**

Title - **Proposed Director**

Department/Company – **DIAMOND PARAWOOD CO., LTD.**

(Seal/Stamp)

DPC

DIAMOND PARAWOOD
COMPANY LIMITED.

သို့

ဥက္ကဋ္ဌ
မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ

ရက်စွဲ။ ။ ၂၇-၈-၂၀၁၈။

အကြောင်းအရာ ။ ။ <u>မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ အတည်ပြုလျှောက်ထားလွှာပေးပို့တင်ပြခြင်း။</u>

လေးစားရပါသောလူကြီးမင်းခင်ဗျား။ ။

၁။ ကျွန်တော်တို့၏ "ဒိုင်းမွန်း ပါရာဝုဒ် ကုမ္ပဏီလီမိတက်" "DIAMOND PARAWOOD CO., LTD." သည် မွန်ပြည်နယ် ၊ မော်လမြိုင်ခရိုင် ၊ သံဖြူဇရပ်မြို့နယ် ၊ စခန်းကြီးကျေးရွာအုပ်စု ၊ ကွင်းအမှတ် (O.S.S – 9) ၊ ကွင်းအမည် (ကြေးတိုင်ပြင်ကွင်း) ၊ ဦးပိုင်အမှတ် (၁၈၂၁) ၏ ဧရိယာ (၉.၄၆ဧက) (၃၈,၂၈၃.၃၀စတုရန်းမီတာ) အကျယ်အဝန်းမြေကွက်ပေါ်တွင် လိုအပ်သော အဆောက်အအုံများ တည်ဆောက်ကာ **"ရာဘာသစ်ခွဲသားများ ထုတ်လုပ်ခြင်းလုပ်ငန်း"** ဆောင်ရွက်ရန် (Manufacturing Industry) အဖြစ် လုပ်ကိုင်ခွင့်အား ရာနှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းအနေဖြင့် မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ အတည်ပြုလျှောက်ထားလွှာ ပေးပို့ တင်ပြလျှောက်ထားသော ကုမ္ပဏီဖြစ်ပါသည်။

၂။ "ဒိုင်းမွန်းပါရာဝုဒ်ကုမ္ပဏီလီမိတက်" "DIAMOND PARAWOOD CO., LTD." သည် ထိုင်းနိုင်ငံသား Mr. Teetat Ruangchayajatuporn မှ (၈၅%) နှင့် ဟောင်ကောင်နိုင်ငံသား Mr. Chau Fong Cheung မှ (၁၅%) တို့ ပါဝင်သော ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီဖြစ်ပါသည်။ ကုမ္ပဏီ ဖွဲ့စည်းမှုအားလည်း ဆောင်ရွက်ထားပြီးဖြစ်ကာ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (ယာယီ) အမှတ် - ၇၂ အက်ဖ်စီ / ၂၀၁၈-၂၀၁၉ (ရက)(၂၄-၀၄-၂၀၁၈) အား ရရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ လုပ်ငန်းအား အဆင့်မြင့် နည်းပညာများ၊ ခေတ်မီစက်ကိရိယာများဖြင့် လုပ်ကိုင်ထုတ်လုပ်ကာ ပြည်ပသို့ (၁၀၀) ရာခိုင်နှုန်း ပြန်လည်တင်ပို့ ရောင်းချရန် ရည်မှန်းလျက် မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ အတည်ပြု လျှောက်ထားလွှာ ပေးပို့တင်ပြ လျှောက်ထားခြင်းဖြစ်ပါသည်။

ရှိသေလေးစားစွာဖြင့်
လျှောက်ထားသူ

MR. TEETAT RUANGCHAYAJATUPORN
Proposed Director
DIAMOND PARAWOOD CO., LTD.

DIAMOND PARAWOOD COMPANY LIMITED.

Company Address : Oo Paing No. (1821), Kwin Name (Kyay Taing Pyin Kwin), Kwin No. (O.S.S-9), Sakhangyi Village Tract,Thanphyuzayat Township, Mawlamying District, Mon State, Myanmar.

DIAMOND PARAWOOD
COMPANY LIMITED.

To

Chairman
Mon State Investment Committee

Dated : 27-8-2018

Subject: **Submission of Endorsement Application Form to Mon State Investment Committee**

Dear Respectful Excellency,

1. Our "**DIAMOND PARAWOOD CO., LTD.**" is situated at Oo Paing No. (1821), Kwin Name (Kyay Taing Pyin Kwin), Kwin No. (O.S.S-9), Sakhangyi Village Tract, Thanphyuzayat Township, Mawlamyaing District, Mon State in the Republic of the Union of Myanmar and having a land area of **(9.46) Acres (38,283.30 sqm).** Our company is 100% Foreign Invested Company and we would like to submit investment proposal to Mon State Investment Committee for doing the business activities of "**Manufacturing of Rubber Wood Sawn Timber**" by using advanced technology and machinery in Myanmar.

2. Our company, "**DIAMOND PARAWOOD CO., LTD.**" is registered as the foreign fully invested company with the share ratio of 85% contributed by Mr. Teetat Ruangchayajatuporn who is a national of Thailand and 15% contributed by Mr. Chau Fong Cheung who is a Hong Kong Citizen. Our company was incorporated already and had received Incorporation Certificate (Temporary) with No.72FC/2018-2019 (YGN) dated (24-04-2018). Therefore, we are submitting the investment proposal for getting Endorsement Permit from Mon State Investment Committee for above mentioned business and we have planned to export 100 % of our produced products to overseas.

Yours truly,

MR. TEETAT RUANGCHAYAJATUPORN
Proposed Director
DIAMOND PARAWOOD CO., LTD.

သို့

ဥက္ကဋ္ဌ
မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ

ရက်စွဲ ။ ။ ၂၇-၈-၂၀၁၈။

အကြောင်းအရာ ။ ။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်မည့် လုပ်ငန်းအကျဉ်းအားရှင်းလင်းတင်ပြခြင်း။

လေးစားရပါသောလူကြီးမင်းခင်ဗျား ။ ။

၁။ အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွန်တော်တို့၏ "ဒိုင်းမွန်းပါရာဝုဒ်ကုမ္ပဏီလီမိတက်" " DIAMOND PARAWOOD CO., LTD." သည် ၂၀၁၈-ခုနှစ်၊ ဧပြီလ၊ (၂၄) ရက်နေ့တွင် ထိုင်းနိုင်ငံသား Mr. Teetat Ruangchayajatupornမှ (၈၅%) နှင့် ဟောင်ကောင်နိုင်ငံသား Mr. Chau Fong Cheung မှ (၁၅%) တို့ပါဝင်လျှက် ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီဖြစ်ပါသည်။

၂။ ကျွန်တော်တို့၏ ကုမ္ပဏီသည် မွန်ပြည်နယ် ၊ မော်လမြိုင်ခရိုင် ၊ သံဖြူဇရပ်မြို့နယ် ၊ စခန်းကြီး ကျေးရွာအုပ်စု ၊ ကွင်းအမှတ် (O.S.S – 9) ၊ ကွင်းအမည် (ကြေးတိုင်ပြင်ကွင်း) ၊ ဦးပိုင်အမှတ် (၁၈၂၁) ၏ ဧရိယာ (၉.၄၆ဧက) (၃၈,၂၈၃.၃၀စတုရန်းမီတာ) အကျယ်အဝန်းမြေကွက်ပေါ်တွင် လိုအပ်သော အဆောက်အအုံများ တည်ဆောက်ကာ "ရာဘာသစ်ခွဲသားများ ထုတ်လုပ်ခြင်းလုပ်ငန်း" ဆောင်ရွက်ရန် လုပ်ကိုင်ခွင့်အား ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းအနေဖြင့် မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ အတည်ပြုလျှောက်ထားလွှာ ပေးပို့တင်ပြလျှောက်ထားသော ကုမ္ပဏီဖြစ်ပါသည်။ ထိုသို့ထုတ်လုပ်ရာတွင် ပြည်တွင်းပြည်ပမှ ကုန်ကြမ်းပစ္စည်းများ ဝယ်ယူကာ အဆင့်မြင့်နည်းပညာများ၊ ခေတ်မီစက်ကိရိယာများကို အသုံးပြု ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အဆိုပါလုပ်ငန်း၏ ထုတ်လုပ်မှု (၁၀၀) ရာခိုင်နှုန်းအား ပြည်ပသို့ ပြန်လည်တင်ပို့ရောင်းချရန် ရည်မှန်းထားရှိပါသည်။ ထိုသို့ လုပ်ငန်းတည်ထောင် ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံသားများအတွက် အထူးသဖြင့် လုပ်ငန်းလုပ်ကိုင်မည့် ဒေသရှိဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေနိုင်ခြင်း၊ နည်းပညာများရရှိကာ နိုင်ငံသားဒေသခံ များအတွက် နည်းပညာအားဖြင့် ရရှိတိုးတက်စေခြင်း၊ မွန်ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ ဖြစ်စေခြင်း စသည့် အကျိုးကျေးဇူးများကိုလည်း ရရှိစေနိုင်မည် ဖြစ်ပါသည်။

DIAMOND PARAWOOD COMPANY LIMITED.
Company Address : Oo Paing No. (1821), Kwin Name (Kyay Taing Pyin Kwin),
Kwin No. (O.S.S-9), Sakhangyi Village Tract,Thanphyuzayat Township,
Mawlamying District, Mon State, Myanmar.

၃။ ကျွန်တော်တို့၏ ကုမ္ပဏီသည် အထက်ဖော်ပြပါ လုပ်ငန်းအား လုပ်ကိုင်ဆောင်ရွက်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုငွေသားအနေဖြင့်လည်းကောင်း၊ ဆောင်ရွက်သည့် လုပ်ငန်းအတွက် လိုအပ်သော စက်ပစ္စည်းကိရိယာများနှင့် ဂန်ချီစက်များစသည့် ပစ္စည်းအနေဖြင့်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုပမာဏစုစုပေါင်း အမေရိကန်ဒေါ်လာ (၂,၈၈၀,၀၀၀.၀၀) (အမေရိကန်ဒေါ်လာ နှစ်သန်းရှစ်သိန်း ရှစ်သောင်းတိတိ) ကို ထည့်ဝင်ရင်းနှီးမြှုပ်နှံမည်ဖြစ်ပါသည်။ငွေသားအားဖြင့်ရင်းနှီးမြှုပ်နှံမှုများကို ဆောက်လုပ်ရေးအတွက်ကုန်ကျမည့် ကုန်ကျစရိတ်များ၊ ပြည်တွင်းတွင်ဝယ်ယူမည့် လိုအပ်သော ပရိဘောဂများအတွက် ကုန်ကျစရိတ်များ၊ မြေငှားရမ်းခြင်းအတွက် ပေးချေရမည့် ငွေကြေးများအပြင် လုပ်ငန်းလည်ပတ်ရန် ကနဦးလိုအပ်ငွေများအတွက် သုံးစွဲသွားမည်ဖြစ်ပါသည်။ နောင်တွင် ရင်းနှီးမြှုပ်နှံရန်အတွက် ထပ်မံလိုအပ်ပါကလည်း ခွင့်ပြုချက်ထပ်မံတောင်းခံ၍ တင်သွင်းခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းများအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆောင်ရွက်ရန်အတွက် **တည်ဆောက် မှုကာလ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပြင်ဆင်ကာလ (၂နှစ်)** ထားရှိမည်ဖြစ်ပါသည်။ အထက်ဖော်ပြပါ ရင်းနှီးမြှုပ်နှံမှုများအား တည်ဆောက်မှုကာလ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပြင်ဆင်ကာလ (၂နှစ်) နှင့် လုပ်ငန်းစတင်သော ပထမနှစ် စုစုပေါင်း **(၃ နှစ်)** အတွင်း ထည့်ဝင်သွားရန် မျှော်မှန်းလျာထားချက်အား ရင်းနှီးမြှုပ်နှံမှု အလားအလာ တွက်ချက်မှုများတွင်လည်း ထည့်သွင်းတွက်ချက်ထားပါသည်။

၄။ ကျွန်တော်တို့၏ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် လိုအပ်သောဝန်ထမ်းများကို ပြည်တွင်းရှိ အတတ်ပညာရှင်များ နှင့် အခြားအဆင့်လုပ်သားအင်အားများကို အသုံးပြု၍ ထုတ်လုပ်သွားမည်ဖြစ်ကာ စီမံခန့်ခွဲမှုအတွက်သာ နိုင်ငံခြားသားအနည်းငယ် ခန့်အပ်မည်ဖြစ်ပါသည်။ ထို့ကြောင့် ဖော်ပြပါ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ခွင့်ရရှိပါက မြန်မာနိုင်ငံသားဝန်ထမ်းများ (၁၂၀) ဦး (ခန့်မှန်း) နှင့် နိုင်ငံခြားသား (၃) ဦး (ခန့်မှန်း) တို့မှာ လုပ်ငန်းစတင်သော ပထမနှစ်တွင် ခန့်အပ်သွားမည်ဖြစ်သဖြင့် အလုပ်အကိုင်များ ရရှိကြမည်ဖြစ်ပါသည်။ ထို့နောက် တစ်နှစ်ထက်တစ်နှစ် ထုတ်လုပ်မှုတိုးတက်လာသည်နှင့်အမျှ တိုးမြှင့်ခန့်အပ်သွားမည်ဖြစ်ကာ ပြည်တွင်းလုပ်သား (၁၉၀) ကျော်ထိ ခန့်အပ်သွားရန်ရည်ရွယ်ပါသည်။ မြန်မာနိုင်ငံသားများ အလုပ်အကိုင်ရရှိခြင်းကြောင့် တစ်ဘက်တစ်လမ်းမှလည်း ဝန်ထမ်းလစာများမှ ဝင်ငွေခွန်ထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်ဘဏ္ဍာငွေ တိုးတက်ရရှိရန် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ လုပ်ငန်းမှထမ်းဆောင်ရမည့် အခွန်အခများကိုလည်း ချမှတ်ထားသော စည်းမျဉ်းဥပဒေများနှင့်အညီ ထမ်းဆောင်ပါမည်ဟု လေးစားစွာဖြင့် တင်ပြအပ်ပါသည်။

၅။ ကျွန်တော်တို့၏ ကုမ္ပဏီရှိ တစ်နှစ် လစာငွေ ကျပ် ၄၈သိန်းအထက် ရရှိသော ဝန်ထမ်းများ၏ ဝင်ငွေခွန်ကို သတ်မှတ်ထားသော နှုန်းထားများအတိုင်း ပေးဆောင်ရန်အတွက်လည်း ကုမ္ပဏီမှတာဝန်ယူကာ ပေးဆောင်သွားစေမည် ဖြစ်ပါသည်။

၆။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန်အတွက် ခန့်မှန်း တစ်လလျှင် လျှပ်စစ်အသုံးပြုမှု (၂၉၅၆၇၂) ယူနစ်ခန့် လိုအပ်မည်ဖြစ်ပါသည်။ ယခုတင်ပြသော လုပ်ငန်းနေရာတွင် လျှပ်စစ်မီးမရရှိသေးခင်အချိန်တွင် လုပ်ငန်း လည်ပတ်နိုင်ရန်အတွက် 500 KVA မီးစက် (၃) လုံးအား အသုံးပြုဆောင်ရွက်သွားမည် ဖြစ်ပါသည်။ နောက်နောင် တွင် လျှပ်စစ်ဓါတ်အား ရရှိပါကလည်း သတ်မှတ်နှုန်းထားပေးဆောင်ကာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနထံမှ ရယူ သွားမည်ဖြစ်ပါသည်။ လုပ်ငန်းလည်ပတ်ရန် လိုအပ်သော လောင်စာဆီလိုအပ်ချက် အားလည်း အတည်ပြုလွှာ တွက်ချက်မှု၏ Annexure No. (III) အဖြစ် ထည့်သွင်းဖော်ပြထားပါသည်။ လုပ်ငန်းလည်ပတ်ရန်အတွက် လိုအပ်သော ရေရရှိရေးအတွက် အဂီစီတွင်း တူးဖော်ကာ ရယူသုံးစွဲသွားမည် ဖြစ်ပါသည်။

၇။ သို့ဖြစ်ပါ၍ ကျွန်တော်တို့ကုမ္ပဏီနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးခြင်းကို ကျေးဇူးအထူးပင် တင်ရှိပြီး ကျွန်တော်တို့ "ဒိုင်းမွန်းပါရာဝုဒ်ကုမ္ပဏီလီမိတက်" " DIAMOND PARAWOOD CO., LTD." ၏ အတည်ပြုလျှောက်ထားလွှာကို ဆောလျှင်စွာ အတည်ပြုမိန့် ခွင့်ပြုပေးနိုင်ပါရန် မေတ္တာရပ်ခံတင်ပြအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်
လျှောက်ထားသူ

MR. TEETAT RUANGCHAYAJATUPORN
Proposed Director
DIAMOND PARAWOOD CO., LTD.

To

Chairman
Mon State Investment Committee

Dated : 27-8-2018

Subject: **Submission of a Brief of Investment Proposal to Mon State Investment Committee**

Dear Respectful Excellency,

1. Regarding above subject matter, our company, "**DIAMOND PARAWOOD CO., LTD.**" was incorporated and registered on 24th April 2018 as a 100 % foreign fully invested company with the share ratio of 85% contributed by Mr. Teetat Ruangchayajatuporn who is a national of Thailand and 15% contributed by Mr. Chau Fong Cheung who is a Hong Kong Citizen.

2. Our company is located at Oo Paing No. (1821), Kwin Name (Kyay Taing Pyin Kwin), Kwin No. (O.S.S-9), Sakhangyi Village Tract, Thanphyuzayat Township, Mawlamyaing District, Mon State in the Republic of the Union of Myanmar and having a land area of **(9.46) Acres (38,283.30 sqm)** and we will construct the required buildings for doing the business activity of "**Manufacturing of Rubber Wood Sawn Timber**" as the 100% foreign company. Therefore, our company is submitting the investment proposal to get Endorsement Permit from Mon State Investment Committee. In the production process, we will import the required raw materials and machinery from overseas for the production. We have planned to export 100 % of produced products to overseas. Upon setting up of our business, there will be many benefits such as getting job opportunities for local people especially native people in Mon State, transferring advance technology to Myanmar people and also contributing to the economic development of Mon State.

3. Our company will invest **USD 2,880,000.00** (United States Dollar Two Million Eight Hundred and Eighty Thousand Only). This investment amount includes in kind investment such as required machinery and equipment and fork-lift and in cash investment for construction cost, the materials for local purchase, land leasing cost and required initial operation cost of business. We have planned to submit the request of the permission for business expansion, importing additional machinery and future reinvestment to Mon State Investment Committee again when it is required. Our company would like to propose **2 years** for **Investment Construction Period or Investment Preparatory Period**. The said total investment amount will be invested within **3 years** for which Two years of Investment Construction Period and First year of Business Operation year and it is also mentioned in the investment calculation of our Investment Proposal.

4. We will mainly hire the local citizens for the required employees for the skilled employees and labours for the production of proposed business activities. We, therefore, have estimated 120 local employees and 3 foreign employees who will get jobs in first operation year. Then, company has planned to increase recruiting of employees which is estimated up to 190 local employees who will get job opportunities in future due to the increasing of production. Moreover, host country revenue will increase by contribution of personal income tax from employees. Our company will pay all the related tax due to law, rules and regulations of the Republic of the Union of Myanmar.

5. Our company will take the responsibility to arrange the settlement of personal income tax according to the defined calculation rates for the employees who will get annual income more than Myanmar Kyat (MMK) 4,800,000.

6. Our company will use estimated electricity (295672) unit per month for the running of proposed business. We will use (3) 500 KVA generators for running of business before getting electricity supply in this area. We will take electricity from Ministry of Electric and Energy by defined rates when ministry can provide electricity supply in this area. The consumption of fuel for running of this business is showed as Annexure No. (III). We will take required water for our factory from our owned tube well in our compound.

7. I would like to thank you in advance for your kind cooperation and it would be grateful to have approval to get Endorsement Permit for our " **DIAMOND PARAWOOD CO., LTD.**" for doing above mentioned business activities.

Yours truly,

MR. TEETAT RUANGCHAYAJATUPORN
Proposed Director
DIAMOND PARAWOOD CO., LTD.

<u>လုပ်သားများ၏ လူမှုဖူလုံရေး သက်သာချောင်ချိမှုဆောင်ရွက်မည့် အစီအမံများ</u>

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွန်တော်တို့၏ "ဒိုင်းမွန်းပါရာဝုဒ်ကုမ္ပဏီလီမိတက်" "DIAMOND PARAWOOD CO., LTD." သည် မွန်ပြည်နယ် ၊ မော်လမြိုင်ခရိုင် ၊ သံဖြူဇရပ်မြို့နယ် ၊ စခန်းကြီးကျေးရွာအုပ်စု ၊ ကွင်းအမှတ် (O.S.S – 9) ၊ ကွင်းအမည် (ကြေးတိုင်ပြင်ကွင်း) ၊ ဦးပိုင်အမှတ် (၁၈၂၁) ၏ ဧရိယာ(၉.၄၆ဧက)(၃၈,၂၈၃.၃၀စတုရန်းမီတာ) အကျယ်အဝန်းမြေကွက်ပေါ်တွင် လိုအပ်သောအဆောက်အအုံများ တည်ဆောက်ကာ "ရာဘာသစ်ခွဲသားများ ထုတ်လုပ်ခြင်းလုပ်ငန်း" ဆောင်ရွက်ရန် လုပ်ကိုင်ခွင့်အား ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းအနေဖြင့် မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ သို့ အတည်ပြုလျှောက်ထားလွှာ ပေးပို့တင်ပြလျှောက်ထားသော ကုမ္ပဏီဖြစ်ပါသည်။ ဖော်ပြပါ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် လိုအပ်သော ရာဘာသစ်ကုန်ကြမ်းများအား ပြည်တွင်းမှဝယ်ယူကာ အခြား လိုအပ်သော ကုန်ကြမ်းပစ္စည်းများ နှင့် စက်များအား ပြည်ပမှတင်သွင်းလျက် အဆင့်မြင့်နည်းပညာများ အသုံးပြုပြီး တန်ဖိုးမြှင့်တင်ပြီးဖြစ်သည့် ရာဘာသစ်ခွဲသားများ နှင့် ဆက်စပ်ပစ္စည်းများအား ပြုပြင်ထုတ်လုပ်ရန် ရည်မှန်းချက်ထားရှိပါသည်။အဆိုပါထုတ်လုပ်မှုလုပ်ငန်းမှ ရရှိလာသော ထွက်ကုန်အားလုံးအား ပြည်ပသို့ ပြန်လည်တင်ပို့ရန် ရည်ရွယ်ချက်ထားရှိ ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ထိုသို့ ပြည်ပသို့ပြန်လည်တင်ပို့ ရောင်းချခြင်းဖြင့် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်လုပ်ငန်းများတိုးတက်ပြီး နိုင်ငံခြားငွေများ ရရှိနိုင်စေရန်အတွက် အထောက်အပံ့ဖြစ်စေမည် ဖြစ်ပါသည်။

၂။ ထိုသို့ "ရာဘာသစ်ခွဲသားများထုတ်လုပ်ခြင်းလုပ်ငန်း" လုပ်ငန်းဆောင်ရွက်ရာတွင် ထုတ်လုပ်မှုနှင့် သက်ဆိုင်သော အတတ်ပညာရှင်များ၊ ကျွမ်းကျင်ဝန်ထမ်းများ ၊ ထုတ်လုပ်ရေးဝန်ထမ်းများကို ပြည်တွင်းမှပင်ခန့်အပ် သွားမည့်အပြင် ရုံးဝန်ထမ်းများအားလည်း ပြည်တွင်းမှပင် ခန့်အပ်၍ ဆောင်ရွက်မည် ဖြစ်ပြီး ထိုဝန်ထမ်းများ၏ လူမှုဖူလုံရေး ဆောင်ရွက်ခြင်း၊ လူမှုဘဝလုံခြုံမှုရှိစေရေး၊ သင်တန်းများတက်ရောက်နိုင်ရေး၊ အသိပညာဖွံ့ဖြိုး တိုးတက်ရေး နှင့် လုပ်ငန်းစွမ်းရည် နှင့် အသက်မွေးဝမ်းကြောင်းပညာ ဖွံ့ဖြိုးတိုးတက်စေရေး စသည့် အကျိုးကျေးဇူး များ ရရှိစေရေးအတွက် အစီအစဉ်များချမှတ် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါသည်။

၃။ ကျွန်တော်တို့ကုမ္ပဏီအနေဖြင့် ဝန်ထမ်းများ၏ အသိပညာအရည်အသွေး တိုးတက်စေရန် သင်တန်းများ တက်ရောက်စေခြင်း၊လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ လေ့ကျင့်သင်ကြားပေးခြင်းများအား ပုံမှန်စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဝန်ထမ်းများနာမကျန်းဖြစ်ပါက အရေးပေါ်ကုသနိုင်ရေးအတွက် ဆေး နှင့် ဆေး အထောက်အကူပြုပစ္စည်းများကိုလည်း လုပ်ငန်းနေရာတွင် ထားရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ ဝန်ထမ်းများ နေထိုင်ရေးအတွက် အဆင်ပြေစေရန် ဝန်ထမ်းအိမ်ရာများအားလည်း တည်ဆောက်ပေးကာ စီစဉ် ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ အလုပ်ဝန်းကျင် သန့်ရှင်းသာယာ စိမ်းလန်းရေးအတွက်လည်း စီစဉ်ဆောင်ရွက်ရန် ရည်ရွယ်ထားပါသည်။

Company Address : Oo Paing No. (1821), Kwin Name (Kyay Taing Pyin Kwin), Kwin No. (O.S.S-9), Sakhangyi Village Tract,Thanphyuzayat Township, Mawlamying District, Mon State, Myanmar.

၄။ ထို့ပြင် ဝန်ထမ်းများအတွက် လိုအပ်သော ဝန်ထမ်းဝတ်စုံများ ပံ့ပိုးခြင်း၊ လုပ်ကိုင်ရမည့် အလုပ်တာဝန်ပေါ်မူတည်၍ ကျန်းမာရေးရှုထောင့်အားဖြင့် လိုအပ်သော အကာအကွယ်ပစ္စည်းများ ပံ့ပိုးပေးခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည်ပေါ်မူတည်ကာ နှစ်စဉ်အပိုဆုချီးမြှင့်ခြင်းများအားလည်း အလျဉ်းသင့်သလို စီစဉ် ဆောင်ရွက်လျက်သာယာသော လုပ်ငန်းခွင်အား တည်ဆောက်မည်ဖြစ်ပါသည်။

၅။ ကျွန်တော်တို့ ကုမ္ပဏီ၏ လူမှုရေးဆိုင်ရာတာဝန်ယူမှုများ (Corporate Social Responsibility - CSR) အနေဖြင့် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ ထမ်းဆောင်ပြီးနောက် ကျန်ရှိသော အသားတင်အမြတ်၏ (၂) ရာခိုင်နှုန်းကို အောက်ဖော်ပြပါ လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

(က) မွန်ပြည်နယ်ရှိ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှု လုပ်ငန်းများအတွက် ထည့်ဝင်ဆောင်ရွက်ခြင်း ။ (၂၅%)

(ခ) မွန်ပြည်နယ်အတွင်းရှိ ကလေးလူငယ်များ၏ ပညာရေး ၊ အားကစားရေးရာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ထည့်ဝင်ဆောင်ရွက်ခြင်း။ (၂၅%)

(ဂ) ဒေသတွင်းပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ခြင်း။ (၂၅ %)

(ဃ) ဒေသတွင်းပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိမှုလုပ်ငန်းများတွင် ထည့်ဝင်ဆောင်ရွက်ခြင်း။ (၂၅%)

၆။ သို့ဖြစ်ပါ၍ ကျွန်တော်တို့၏ "ဒိုင်းမွန်းပါရာဝုဒ်ကုမ္ပဏီလီမိတက်" "DIAMOND PARAWOOD CO., LTD." ၏ အတည်ပြုလျှောက်ထားလွှာကို ဆောလျှင်စွာ အတည်ပြုမိန့် ခွင့်ပြုပေးနိုင်ပါရန် မေတ္တာရပ်ခံတင်ပြအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်
လျှောက်ထားသူ

MR. TEETAT RUANGCHAYAJATUORN
Proposed Director
DIAMOND PARAWOOD CO., LTD.

PLANS FOR SOCIAL SECURITY AND WELFARE FOR EMPLOYEES

1. According to Myanmar Investment Law, our company, "**DIAMOND PARAWOOD CO., LTD.**" will construct the required buildings in the land areas **(9.46) Acres (38,283.30 sqm)** which is located at Oo Paing No. (1821), Kwin Name (Kyay Taing Pyin Kwin), Kwin No. (O.S.S-9), Sakhangyi Village Tract, Thanphyuzayat Township, Mawlamyaing District, Mon State in the Republic of the Union of Myanmar for doing the business activities of "**Manufacturing of Rubber Wood Sawn Timber**" and we are submitting the investment proposal to get Endorsement Permit from Mon State Investment Committee as a 100% registered foreign investment company. In this production process, we will purchase required raw materials, such as, rubber wood from local and other required raw materials and machinery and equipment will be imported from Foreign. We plan to export 100 % of produced products to overseas. We do believe that our business will support export of Myanmar and will get export earnings for the country.

2. For doing the business activities of "**Manufacturing of Rubber Wood Sawn Timber**", our company will recruit local people for professionals, skilled employees and production workers and also local staffs for office activities. Our company will provide capacity building training programs and benefits such as social welfare, social security, development and career advancement, etc to our employees.

3. We will provide local and overseas training programs to employees for their personal and business development on a regular basis. We will provide healthcare services and first- aid kits for employees' health matter in the factory. We will also construct dormitory for employees for their convenience. We also assure to take care for the clean and green environment around our business compound.

4. Moreover, our company will provide required uniforms, arrangements of health care and offer annual bonus based on the performance of employees to ensure preferable workplace.

5. Regarding to the contribution for Corporate Social Responsibility (CSR), we plan to contribute **(2%)** of our net profit for the following activities :

A.	Supporting Infrastructure Development activities in Mon State	(25%)
B.	Contribution for the development of Education and Sports for the children in Mon State	(25%)
C.	Contribution for public health care	(25%)
D.	Contribution to get clean water for the people living in Mon State	(25%)

6. I would like to thank you in advance for your kind cooperation and it would be grateful to have approval for Endorsement Permit for the above mentioned business activities.

Yours truly,

MR. TEETAT RUANGCHAYAJATUORN
Proposed Director
DIAMOND PARAWOOD CO., LTD.

<u>ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းပြုလုပ်မည့် အစီအစဉ်များ</u>

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွန်တော်တို့၏ "ဒိုင်းမွန်းပါရာဝုဒ်ကုမ္ပဏီလီမိတက်" "DIAMOND PARAWOOD CO., LTD." သည် မွန်ပြည်နယ် ၊ မော်လမြိုင်ခရိုင် ၊ သံဖြူဇရပ်မြို့နယ် ၊ စခန်းကြီးကျေးရွာအုပ်စု ၊ ကွင်းအမှတ် (O.S.S – 9) ၊ ကွင်းအမည် (ကြေးတိုင်ပြင်ကွင်း) ၊ ဦးပိုင်အမှတ် (၁၈၂၁) ၏ ဧရိယာ(၉.၄၆ဧက)(၃၈,၂၈၃.၁၀စတုရန်းမီတာ) အကျယ်အဝန်းမြေကွက်ပေါ်တွင် လိုအပ်သောအဆောက်အအုံများ တည်ဆောက်ကာ "ရာဘာသစ်ခွဲသားများ ထုတ်လုပ်ခြင်းလုပ်ငန်း" ဆောင်ရွက်ရန် လုပ်ကိုင်ခွင့်အား ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းအနေဖြင့် မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ သို့ အတည်ပြုလျှောက်ထားလွှာ ပေးပို့တင်ပြလျှောက်ထားသော ကုမ္ပဏီဖြစ်ပါသည်။ ဖော်ပြပါ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် လိုအပ်သော ရာဘာသစ်ကုန်ကြမ်းများအား ပြည်တွင်းမှဝယ်ယူကာ အခြား လိုအပ်သော ကုန်ကြမ်းပစ္စည်းများ နှင့် စက်များအား ပြည်ပမှ တင်သွင်းလျှက်အဆင့်မြင့်နည်းပညာများ အသုံးပြုပြီး တန်ဖိုးမြှင့်တင်ပြီးဖြစ်သည့် ရာဘာသစ်ခွဲသားများ နှင့် ဆက်စပ်ပစ္စည်းများအား ပြုပြင်ထုတ်လုပ်ရန် ရည်မှန်းချက်ထားရှိပါသည်။ အဆိုပါ ထုတ်လုပ်မှုလုပ်ငန်းမှ ရရှိလာသော ထွက်ကုန်အားလုံးအား ပြည်ပသို့ ပြန်လည်တင်ပို့ရန် ရည်ရွယ်ချက်ထားရှိ ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ထိုသို့ ပြည်ပသို့ပြန်လည်တင်ပို့ ရောင်းချခြင်းဖြင့် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်လုပ်ငန်းများတိုးတက်ပြီး နိုင်ငံခြားငွေများရရှိနိုင်စေရန်အတွက် အထောက်အပံ့ဖြစ်စေမည် ဖြစ်ပါသည်။

၂။ ကျွန်တော်တို့၏ ကုမ္ပဏီအနေဖြင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာမှု ရှိစေရေးအတွက် လုပ်ငန်းမှ သုံးစွဲသည့်ရေများ စနစ်တကျရှိစေရန် ရေနုတ်မြောင်းများထားရှိခြင်း၊ စွန့်ပစ်အမှိုက်များအတွက် လုပ်ငန်းခွင်နေရာ အနှံ့အပြားတွင် အမှိုက်ပုံးများထားရှိပေးခြင်းနှင့် လုပ်ငန်းခွင် စွန့်ပစ်အမှိုက်များအတွက်လည်း သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီမှ ချမှတ်ထားသောစည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက် စွန့်ပစ်ရန် စနစ်တကျ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ လေထုညစ်ညမ်းမှု၊ အသံဆူညံမှု မဖြစ်ပေါ်အောင်လည်း တတ်နိုင်သမျှ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဖော်ပြပါလုပ်ငန်းမှ ထွက်ရှိလာမည့် လွှစာများ နှင့် ဖြတ်စများအားလည်း Boiler ၏ လောင်စာအဖြစ် အချို့သုံးစွဲမည်ဖြစ်ကာ အခြားပိုလျှံသော လွှစာ နှင့် ဖြတ်စများအား စွမ်းအင်အဖြစ် အသုံးပြုရန် လိုအပ်သောသူများအား အခမဲ့ပေးကမ်းသွားမည် ဖြစ်ပါသည်။

၃။ ကျွန်တော်တို့၏ ကုမ္ပဏီအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် မီးဘေးကာကွယ်ရေး နှင့် စပ်လျဉ်း၍ အဆောက်အဦးတိုင်းတွင် မီးဘေးကာကွယ်ရေးစနစ်များကို ပြည့်စုံလုံလောက်စွာ တပ်ဆင်သွားမည် ဖြစ်ပါသည်။ မီးငြိမ်းသတ်ရန်အတွက် လိုအပ်သည့်ပစ္စည်းများအားလည်း မီးသတ်ဌာန၏ လမ်းညွှန်ချက်များအတိုင်း တပ်ဆင်ဆောင်ရွက်မည်ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်မည့် ဧရိယာတွင် မီးပေါ်ဆမှု မဖြစ်ပေါ်စေရန်လည်း

DIAMOND PARAWOOD
COMPANY LIMITED.

အသိပညာပေးခြင်း၊ အရေးပေါ်မီးဘေးအန္တရာယ် ကာကွယ်မှုအတွက် လေ့ကျင့်မှုများပြုလုပ်ပေးခြင်းနှင့် မီးသုံးစွဲခြင်းအတွက် စည်းကမ်းသတ်မှတ်ချက်များလည်း ထားရှိသွားမည် ဖြစ်ပါသည်။ လုပ်ငန်းဧရိယာအတွင်း အထူးသဖြင့် ထုတ်လုပ်မှုပြုလုပ်သည့်ဧရိယာတွင် အရေးပေါ်မီးဘေးကာကွယ်မှုအတွက် မီးသတ်ဆေးဘူးများကို အလုံအလောက် အဆင်သင့်ထားရှိသွားမည် ဖြစ်ပါသည်။

၄။ လုပ်ငန်းခွင် နှင့် အနီးပတ်ဝန်းကျင်တွင် ဆေးလိပ်သောက်ခြင်းအား ကန့်သတ်မည်ဖြစ်ပြီး လျှပ်စစ်နှင့် ပတ်သက်၍ မီးဘေးအန္တရာယ်များ မဖြစ်ပေါ်အောင် စနစ်တကျသုံးစွဲရန် လမ်းညွှန်မှုများ ချမှတ်ဆောင်ရွက်ထားရှိမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။

ရှိသေလေးစားစွာဖြင့်
လျှောက်ထားသူ

MR. TEETAT RUANGCHAYAJATUPORN
Proposed Director
DIAMOND PARAWOOD CO., LTD.

ENVIRONMENTAL MANAGEMENT PLAN

1. According to Myanmar Investment Law, our company, "**DIAMOND PARAWOOD CO., LTD.**" will construct the required buildings in the land areas **(9.46) Acres (38,283.30 sqm)** which is located at Oo Paing No. (1821), Kwin Name (Kyay Taing Pyin Kwin), Kwin No. (O.S.S-9), Sakhangyi Village Tract, Thanphyuzayat Township, Mawlamyaing District, Mon State in the Republic of the Union of Myanmar for doing the business activities of "**Manufacturing of Rubber Wood Sawn Timber**" and we are submitting the investment proposal to get Endorsement Permit from Mon State Investment Committee as a 100% registered foreign investment company. In this production process, we will purchase required raw materials, such as, rubber wood from local and other required raw materials and machinery and equipment will be imported from Overseas. We plan to export 100 % of produced products to overseas. Our business will support export of Myanmar and will get export earnings for the country.

2. For clean environment, our company is planning to build proper drainage system, placing adequate dustbins at the factory for waste collection and dispose the factory waste according to the waste management regulations prescribed by respective City Development Committee. We will manage to control air pollution and sound pollution in our production activities. We will arrange to use part of the total amount of sawdust and small pieces of wood which are produced from our operation activity as the source of energy for operating Boiler and the rest will provide free of charge to others who need to use for energy.

3. We will definitely install fire safety system in the factory buildings. The required firefighting equipments and fire extinguishers will be placed in the factory, especially in production areas, according to the instruction from fire station. The safety rules will be defined for the fire prevention and will provide proper training and exercise to employees.

4. We will designate non-smoking area in the factory and offer guidelines for safe electricity usage to prevent fire accident.

Yours truly,

MR. TEETAT RUANGCHAYAJATUPORN
Proposed Director
DIAMOND PARAWOOD CO., LTD.

<u>ဝန်ခံကတိပြုခြင်း</u>

ကျွန်တော်တို့၏ "ဒိုင်းမွန်းပါရာဝုဒ်ကုမ္ပဏီလီမိတက်" " DIAMOND PARAWOOD CO., LTD." အနေဖြင့် အစိုးရမှ ဥပဒေအရ သတ်မှတ်ထားသော အနိမ့်ဆုံး လုပ်ခလစာအတိုင်း တွက်ချက်ပြီး အခြေခံဝန်ထမ်းများအား လုပ်ခလစာ သတ်မှတ်ပေးသွားမည် ဖြစ်ပါကြောင်း ဝန်ခံကတိပြု တင်ပြအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်
လျှောက်ထားသူ

MR. TEETAT RUANGCHAYAJATUPORN
Proposed Director
DIAMOND PARAWOOD CO., LTD.

UNDERTAKING

Our company, "**DIAMOND PARAWOOD CO., LTD.**" would like to undertake to give basic salaries to employees according to the calculation based on the minimum wages limitation defined in labour law in Myanmar.

Yours truly,

MR. TEETAT RUANGCHAYAJATUPORN
Proposed Director
DIAMOND PARAWOOD CO., LTD.

DIAMOND PARAWOOD
COMPANY LIMITED.

ဝန်ခံကတိပြုခြင်း

ကျွန်တော်တို့၏ "ဒိုင်းမွန်းပါရာဝုဒ်ကုမ္ပဏီလီမိတက်" " DIAMOND PARAWOOD CO., LTD." အနေဖြင့် "ရာဘာသစ်ခွဲသားများ ထုတ်လုပ်ခြင်းလုပ်ငန်း" ဆောင်ရွက်ရန် အတည်ပြုမိန့် ရရှိပါက သက်ဆိုင်ရာဌာနများ၏ လမ်းညွှန်ချက်များ တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာ၍ လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဝန်ခံကတိပြု တင်ပြအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်
လျှောက်ထားသူ

(signed)

MR. TEETAT RUANGCHAYAJATUPORN
Proposed Director
DIAMOND PARAWOOD CO., LTD.

UNDERTAKING

Our company, "**DIAMOND PARAWOOD CO., LTD.**" would like to undertake to follow the existing law, rules & regulations and instructions from related departments for running the business activity of "**Manufacturing of Rubber Wood Sawn Timber**" after getting Endorsement form Mon State Investment Committee.

Yours truly,

MR. TEETAT RUANGCHAYAJATUPORN
Proposed Director
DIAMOND PARAWOOD CO., LTD.

DIAMOND PARAWOOD
COMPANY LIMITED.

<u>ဝန်ခံကတိပြုခြင်း</u>

ကျွန်တော်တို့၏ "ဒိုင်းမွန်းပါရာဝုဒ်ကုမ္ပဏီလီမိတက်" " DIAMOND PARAWOOD CO., LTD." အနေဖြင့် "ရာဘာသစ်ခွဲသားများ ထုတ်လုပ်ခြင်းလုပ်ငန်း" ဆောင်ရွက်ရာတွင် ခန့်ထားမည့် ဝန်ထမ်းများအနက် တစ်နှစ် လစာငွေ ကျပ် ၄စသိန်းအထက် ရရှိသော ဝန်ထမ်းများ၏ဝင်ငွေခွန်ကို သတ်မှတ်ထားသော နှုန်းထားများ အတိုင်း ပေးဆောင်ရန်အတွက်လည်း ကုမ္ပဏီမှတာဝန်ယူကာ ပေးဆောင်သွားစေမည်ဟု ဝန်ခံကတိပြု တင်ပြအပ် ပါသည်။

ရိုသေလေးစားစွာဖြင့်
လျှောက်ထားသူ

MR. TEETAT RUANGCHAYAJATUPORN
Proposed Director
DIAMOND PARAWOOD CO., LTD.

UNDERTAKING

Our company, "**DIAMOND PARAWOOD CO., LTD.**" would like to undertake to take the responsibility to arrange the settlement of personal income tax according to the defined calculation rates for the employees in our factory to do the business activity of "**Manufacturing of Rubber Wood Sawn Timber**" who will get annual income more than Myanmar Kyat (MMK) 4,800,000.

Yours truly,

MR. TEETAT RUANGCHAYAJATUPORN
Proposed Director
DIAMOND PARAWOOD CO., LTD.

DIAMOND PARAWOOD
COMPANY LIMITED.

<u>ဝန်ခံကတိပြုခြင်း</u>

ကျွန်တော်တို့၏ "ဒိုင်းမွန်းပါရာပုဒ်ကုမ္ပဏီလီမိတက်" " DIAMOND PARAWOOD CO., LTD." အနေဖြင့် "ရာဘာသစ်ခွဲသားများ ထုတ်လုပ်ခြင်းလုပ်ငန်း" ဆောင်ရွက်ရန်အတွက် ရာဘာသစ်အချောထည် စက်ရုံ လိုင်စင်အား လျှောက်ထားမှုမရှိသေးပါ။ မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ မှ အတည်ပြုမိန့်ရရှိပြီးပါက အဆိုပါ ရာဘာသစ်အချောထည် စက်ရုံ လိုင်စင်အား လျှောက်ထားမည် ဖြစ်ပါကြောင်း ဝန်ခံကတိပြု တင်ပြအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်
လျှောက်ထားသူ

MR. TEETAT RUANGCHAYAJATUPORN
Proposed Director
DIAMOND PARAWOOD CO., LTD.

DIAMOND PARAWOOD
COMPANY LIMITED.

UNDERTAKING

Our company, "**DIAMOND PARAWOOD CO., LTD.**" is not apply for the sawmill license for doing the business activity of "**Manufacturing of Rubber Wood Sawn Timber**" yet. We would like to undertake to apply the sawmill license after getting Endorsement from Mon State Investment Committee.

Yours truly,

MR. TEETAT RUANGCHAYAJATUPORN
Proposed Director
DIAMOND PARAWOOD CO., LTD.

DIAMOND PARAWOOD
COMPANY LIMITED.

သို့

ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့

ရက်စွဲ။ ၂၀၁၈ ခုနှစ် စက်တင်ဘာလ (၂၆) ရက်။

အကြောင်းအရာ ။ ။ <u>မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ အတည်ပြုလျှောက်ထားလွှာပေးပို့တင်ပြခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့်စပ်လျဉ်း၍ ကုန်ကြမ်းရယူမှုအပေါ် ရှင်းလင်းတင်ပြခြင်း။</u>

လေးစားရပါသောလူကြီးမင်းခင်ဗျား။ ။

၁။ ကျွန်တော်တို့၏ "ဒိုင်းမွန်း ပါရာဝုဒ် ကုမ္ပဏီလီမိတက်" "DIAMOND PARAWOOD CO., LTD." သည် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် (O.S.S – 9)၊ ကွင်းအမည် (ကြေးတိုင်ပြင်ကွင်း)၊ ဦးပိုင်အမှတ် (၁၈၂၁) ၏ ဧရိယာ (၉.၄၆ဧက) (၃၈,၂၈၃.၃၀၈၀တုရန်းမီတာ) အကျယ်အဝန်းမြေကွက်ပေါ်တွင် လိုအပ်သော အဆောက်အအုံများတည်ဆောက်ကာ "**ရာဘာသစ်ခွဲသားများ ထုတ်လုပ်ခြင်းလုပ်ငန်း**" လုပ်ကိုင်ခွင့်အား ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းအနေဖြင့် မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ အတည်ပြု လျှောက်ထားလွှာ ပေးပို့တင်ပြလျှောက်ထားခဲ့ပါသည်။

၂။ **"ဒိုင်းမွန်းပါရာဝုဒ်ကုမ္ပဏီလီမိတက်" "DIAMOND PARAWOOD CO., LTD."** သည် ကျွန်တော် ထိုင်းနိုင်ငံသား Mr. Teetat Ruangchayajatuporn မှ (၈၅%) နှင့် ဟောင်ကောင်နိုင်ငံသား Mr. Chau Fong Cheung မှ (၁၅%) တို့ပါဝင်သော ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီဖြစ်ပါသည်။ ကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင်မှုအားလည်းဆောင်ရွက်ထားပြီးဖြစ်ကာ ကုမ္ပဏီမှတ်ပုံတင် လက်မှတ် (ယာယီ) အမှတ်-၇၂အက်ဖ်စီ/၂၀၁၈-၂၀၁၉ (ရက) (၂၄-၀၄-၂၀၁၈) အား ရရှိပြီးဖြစ်ပါသည်။

၃။ အထက်ပါအဆိုပြုထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်ရန်အတွက် လိုအပ်သောကုန်ကြမ်းဖြစ်သည့် ရာဘာသစ်များသည် သက်တမ်းနှစ် (၂၀) ကျော်ရှိမှသာ ကုန်ချောအရည်အသွေးပြည့်မီမည်ဖြစ်ပါသည်။ ထုတ်လုပ်မှုမှရရှိသောထွက်ကုန်များအား ပြည်ပသို့ (၁၀၀) ရာခိုင်နှုန်း ပြန်လည်တင်ပို့ရောင်းချသွားမည် ဖြစ်ပါသဖြင့် ကုန်ချောအရည်အသွေးသတ်မှတ်ချက်သည် အထူးအရေးပါ ပါသည်။ ကျွန်တော်များအနေဖြင့် ဤရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို မြန်မာနိုင်ငံတွင် ရေရှည်လုပ်ကိုင်သွားနိုင်ရန်ရည်ရွယ်သည့်အတွက် အဓိက အရေးပါသည့် ကုန်ကြမ်းရရှိနိုင်မှုကို အထူးအလေးထားလေ့လာမှုပြုလုပ်ခဲ့ပါသည်။ ဤတွင် ဥပဒေနှင့်အညီ သစ်ထုတ်လုပ်မှု လိုင်စင်ဖြင့် တရားဝင်ထုတ်လုပ်နိုင်သည့် Suppliers များနှင့် ဆက်သွယ်ဆွေးနွေးလျှက် ၎င်းတို့မှ မိမိတို့ လိုအပ်ချက်နှင့်ကိုက်ညီသောကုန်ကြမ်းကို အလုံအလောက်ပေးသွင်းသွားနိုင်ကြောင်း သိရှိခဲ့ပါသည်။ မြန်မာနိုင်ငံ

၏တည်ဆဲဥပဒေများအရ ကျွန်တော်တို့ကုမ္ပဏီအနေဖြင့် ကုန်ကြမ်းဖြစ်သောရာဘာကို ကိုယ်တိုင်ရှာဖွေခုတ်လှဲခြင်းအား ဆောင်ရွက်၍မရသည်ကို ကောင်းစွာသိရှိနားလည်ပြီး ဥပဒေနှင့်အညီ လိုက်နာရန်လည်းဝန်ခံကတိပြုပါသည်။

၄။ သို့ဖြစ်ပါ၍ ကုန်ကြမ်းရရှိနိုင်မည့် နေရာဒေသများကိုလည်း လေ့လာမှုပြုလုပ်ခဲ့ရာ Suppliers များအနေဖြင့် ကုန်ကြမ်းအများစုကို မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းတို့မှရရှိနိုင်ကြောင်းနှင့် လိုအပ်ချက်တိုးမြှင့်လာသည်နှင့်အမျှ မြန်မာနိုင်ငံအနှံ့အပြားမှလည်း ရယူနိုင်ကြောင်းသိရှိခဲ့ရပါသည်။

၅။ ကျွန်တော်များကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံအတွက် ပို့ကုန်တိုးမြှင့်ရေးကို တဖက်တလမ်းမှ ပံ့ပိုးကူညီနိုင်မည်ဖြစ်ပြီး ရေရှည်ရင်းနှီးမြှုပ်နှံလုပ်ကိုင်သွားရန် ရည်ရွယ်သည့်အလျောက် အဆိုပြုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို သတ်မှတ်ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထပ်လောင်းဝန်ခံကတိပြုပါသည်။

ရိုသေလေးစားစွာဖြင့် -

MR. TEETAT RUANGCHAYAJATUORN
Proposed Director
DIAMOND PARAWOOD CO., LTD.

မိတ္တူကို -

အတွင်းရေးမှူး
မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ

သို့
ညွှန်ကြားရေးမှူး
သစ်တောဦးစီးဌာန
မွန်ပြည်နယ် ။

ရက်စွဲ။ ။၂၀၁၈ ခုနှစ် စက်တင်ဘာလ (၂၆) ရက်၊

အကြောင်းအရာ ။ ။ ဝန်ခံကတိပြုခြင်း။

ရည်ညွှန်းချက်၊ ။ သစ်တောဦးစီးဌာန ၊ ညွှန်ကြားရေးမှူးရုံး၊ မွန်ပြည်နယ်၏ (၃၀-၈-၂၀၁၈) ရက်စွဲပါ စာအမှတ် - ၉၁၅၈ - ၆၁/ ဘ (ဂ) ၁ ။

လေးစားရပါသောလူကြီးမင်းခင်ဗျား။ ။

၁။ ကျွန်တော်တို့၏ "ဒိုင်းမွန်း ပါရာဝုဒ် ကုမ္ပဏီလီမိတက်" "DIAMOND PARAWOOD CO., LTD." သည် မွန်ပြည်နယ် ၊ မော်လမြိုင်ခရိုင် ၊ သံဖြူဇရပ်မြို့နယ် ၊ စခန်းကြီးကျေးရွာအုပ်စု ၊ ကွင်းအမှတ် (O.S.S – 9) ၊ ကွင်းအမည် (ကြေးတိုင်ပြင်ကွင်း) ၊ ဦးပိုင်အမှတ် (၁၈၂၁) ၏ ဧရိယာ (၉.၄၆ဧက) (၃၈,၂၈၃.၃၀၈၀စတုရန်းမီတာ) အကျယ်အဝန်းမြေကွက်ပေါ်တွင် လိုအပ်သော အဆောက်အအုံများတည်ဆောက်ကာ "ရာဘာသစ်ခွဲသားများ ထုတ်လုပ်ခြင်းလုပ်ငန်း" လုပ်ကိုင်ခွင့်အား ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းအနေဖြင့် မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ အတည်ပြု လျှောက်ထားလွှာ ပေးပို့တင်ပြလျှောက်ထားခဲ့ပါသည်။

